# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၇၅)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်

**၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၆၀၂၅ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်**

နေပြည်တော် ဇူလိုင် ၅

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီတစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။


ယနေ့ ဖတ်စရာ

ကျေးလက်ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးရေးဆီသို့ — ဆောင်းပါး စာ ၆

ပန်းကလေးများ မနွမ်းစေဖို့ — ဆောင်းပါး စာ ၁၀

သီရိလင်္ကာနိုင်ငံ၌ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုပပျောက်ရေး အမျိုးသားအဆင့် စီမံကိန်းစတင် — နိုင်ငံတကာသတင်း စာ ၁၄

# ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုမှန်းလျှင် လက်နက်ကိုင်လမ်းစဉ်စွန့်၍ ဥပဒေဘောင်အတွင်းဝင်

ပစ္စုပ္ပန်ကာလ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများမှာ အတိုက်အခိုက်၊ အဖျက်အဆီးများကြားမှ ရှေ့သို့ မှန်မှန် ရွေ့လျားနေသည်။ ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပြီးတွင် ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သည့် အစိုးရသစ်တစ်ရပ်နှင့်အတူ နိုင်ငံရေးအခင်းအကျင်းသစ်တစ်ရပ်လည်း ပေါ်ပေါက်လာမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်ပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုများမှာလည်း အတော်ပင် ခရီးရောက်နေပြီဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးတွင် ဖြစ်ပေါ်လာခဲ့သည့် နိုင်ငံရေးအပြောင်းအလဲတွင် CRPH၊ NUG တို့၏ ဝါဒဖြန့်သွေးထိုးလှုံ့ဆော်မှုများကို ယုံကြည်မိခဲ့ခြင်း၊ သို့မဟုတ် မိမိဘာသာ မှန်ကန်သည်ဟု ယူဆခဲ့ခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြပြီး PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများ ပေါ်ပေါက်လာခဲ့သည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၏ သမိုင်းကြောင်းကို ပြန်လေ့လာကြည့်မည်ဆိုပါက လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၇၀ ကျော် ၈၀ ခန့်ကာလအတွင်း မည်သည့်တော်လှန်ရေးလက်နက်ကိုင် အဖွဲ့အစည်းမှ ၎င်းတို့၏ရည်မှန်းချက် ပေါက်မြောက်အောင်မြင်ခဲ့ခြင်း မရှိဘဲ တစ်နည်းအားဖြင့် စိတ်ခံစားချက်ကို ရှေ့တန်းတင်ပြီး ပြုလုပ်ခဲ့ကြသည့် လက်နက်ကိုင်လမ်းစဉ်တို့ အလုပ်မဖြစ်ခဲ့ကြသည်ကို တွေ့ရှိနိုင်သည်။

မိမိတို့နိုင်ငံတွင် ယခင်ရှိနေခဲ့သည့် EAO များအပြင် ၂၀၂၁ ခုနှစ်အတွင်း ပေါ်ပေါက်လာသည့် လက်နက်ကိုင်အဖွဲ့များနှင့်အတူ ပြည်တွင်းဒေသအနှံ့အပြားတို့တွင် မတည်ငြိမ်မှုများ၊ ပစ်ခတ်တိုက်ခိုက်မှုများ၊ သတ်ဖြတ်ဖျက်ဆီးမှုများ ဖြစ်ပေါ်လာခဲ့ရာ အဓိကခံစားကြရသူများမှာ ဒေသခံပြည်သူများပင်ဖြစ်သည်။ ဒေသခံပြည်သူအများအပြားမှာ ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အိမ်ရာနှင့်ပိုင်ဆိုင်ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးကြရသည့်အပြင် အသက်နှင့် ခြေလက်အင်္ဂါ ဆုံးရှုံးခြင်းတို့ကိုလည်း ကြုံတွေ့ခဲ့ကြရသည်။ နိုင်ငံအနေဖြင့်လည်း အခြေခံအဆောက်အအုံများ အများအပြားပျက်စီးခဲ့ရသည်။ ထို့အပြင် နှစ်ဖက်တိုက်ခိုက်မှုများတွင် အသက်ဆုံးရှုံးခဲ့ရသူများမှာ မိမိနိုင်ငံသားများပင် ဖြစ်ရာ မည်သည့်ဘက်မှ ဆုံးရှုံးသည်ဖြစ်စေ နိုင်ငံ၏ဆုံးရှုံးမှုပင် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုအကျိုးအတွက် ဖိတ်ခေါ်ချက်ကို ထုတ်ပြန်၍ PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအား ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့် လက်တွဲကာ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ရန် လက်ကမ်းထားပြီဖြစ်သည်။ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်းခံထားရသည်။ PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအတွက် ယခုဖိတ်ခေါ်ချက်သည် အမှောင်တွင်းသို့ ကျရောက်လာသည့် အလင်းတန်းတစ်ခုပင်ဖြစ်ပြီး ရရှိလာသည့် အခွင့်အရေးကို ဆုပ်ကိုင်ရယူနိုင်ခြင်းက သားရွှေအိုးထမ်းလာသည့် ကိန်းသဖွယ် ဇာတ်ပေါင်းခန်း လှပမည်ဖြစ်သည်။

PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို မျှော်မှန်းသည်ဟုဆိုလျှင် ယင်းမျှော်မှန်းချက်အတွက် လက်နက်ကိုင်တိုက်ခိုက်နေရန်မလို။ နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ တရားဝင်နိုင်ငံရေးပါတီများ၏ မျှော်မှန်းချက်နှင့် ထပ်တူထပ်မျှပင်ဖြစ်ရာ ဥပဒေဘောင်အတွင်း တရားဝင်ဝင်ရောက်၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ထမ်းဆောင်ကြရန်သာ ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ဇော်မြင့် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေး) ဒေါက်တာ ထွန်းတင် ကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပါဠိပထမပြန်စာမေးပွဲနှင့် အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းထုတ်ပြန်မည်

နေပြည်တော် ဇူလိုင် ၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၇(၂၀၂၅)ခုနှစ်၊ ပါဠိပထမပြန် စာမေးပွဲနှင့် အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းကို ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း(၁၃) ရက်(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၇ ရက်)၊ တနင်္လာနေ့၊ နံနက် ၆ နာရီ တွင် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ Website www.Mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ထုတ်ပြန်ကြေညာသွားမည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

**၅ - ၇ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၈၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၅

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရေဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆ - ၇ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၅ | ၃၁၂၅ | ၃၀၉၅ | ၃၀၃၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | ၄၅၀၅ | ၃၃၈၀ | ၃၁၀၀ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၁၅ |
| 95 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၂၅ | ၃၁၄၅ | ၄၅၆၀ | ၃၄၄၀ | ၃၁၆၀ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၇၅ |
| HSD (500 ppm) | ၂၈၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၈၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၈၅ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၅ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၄၀ |
| HSD (50 ppm) | ၃၂၆၅ | ၃၃၇၅ | ၃၃၄၅ | ၃၂၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၄၁၅ | ၃၃၃၅ | ၄၈၃၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၅ | ၃၄၂၀ | ၃၃၈၅ | ၃၄၁၀ | ၃၆၆၅ |
| HSD (10 ppm) | ၃၂၆၅ | ၃၃၇၅ | ၃၃၄၅ | ၃၂၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၄၁၅ | ၃၃၃၅ | - | ၃၆၂၅ | ၃၃၅၀ | ၃၃၅၅ | ၃၄၂၀ | ၃၃၈၅ | ၃၄၁၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၄၄ | ၂၉၃၅ |
| 95 Ron | ၂၉၀၂ | ၂၉၉၄ |
| HSD (500 ppm) | ၂၄၇၆ | ၂၅၅၅ |
| HSD (50 ppm) | ၃၀၈၅ | ၃၁၇၇ |
| HSD (10 ppm) | ၃၀၈၅ | ၃၁၇၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - စိုးစိုးနိုင် | | သတင်းထောက်မှူး - ခင်ရတနာ | |
| စာတည်းမှူး - မြင့်စိုး | | အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊ | |
| စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇော်ထွန်း | | သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | | အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး | |
| သုတေသန - အိအိခင်နှင့် အဖွဲ့ | | သတင်းထောက်များ | |
| စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့ | | ဓာတ်ပုံသတင်းထောက် - တင်စိုး | |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | | အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့ | |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြစဉ်။

## ❑ ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၃၇၁၈၆ ပင် စိုက်ပျိုးခဲ့

❖ *ရွှေဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း ၉၀၀၊ ပျဉ်းကတိုး ၆၀၀၊ ပိတောက် ၃၀၀၊ မဟော်ဂနီ ၆၀၀ စုစုပေါင်း အပင် ၂၄၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၃ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၆၀၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**တပ်မတော် တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၃၇၁၈၆ ပင် စိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၇၃၈၈ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၃၃၈၀၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၇၈၈၁ ပင်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၁၁၆၃၄ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၁၄၉၂ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၀၄၈၉ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၉၇၄၂ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၉၀၅၅ ပင်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်၌ ၅၄၈၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၁၀၃၅၄ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၉၄၈၆ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၈၄၀၅ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၃၇၁၈၆ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် သတ်မှတ်နေရာတွင် သစ်ပင်စိုက်ပျိုးပေးကြစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း သတ်မှတ်နေရာတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။



၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများ သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များ စိုက်ပျိုးကြစဉ်။





တိုင်းစစ်ဌာနချုပ်အသီးသီး၌ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်စဉ်။



## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင်လ ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၄) ပါ ဓာတ်ပုံ ပုံစာတွင် **“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး သတ်မှတ်နေရာတွင် ပျိုးပင်စိုက်ပျိုးပေးစဉ်”** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် အဆိုပါ မှားယွင်းမှုအတွက် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**စာတည်းအဖွဲ့**



# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ ကျွန်းပင်ပေါင်း ၁၀၀၀ ကျော် စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၅**

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများနိုးကြားတက်ကြွစွာ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာကြရန် တိုက်တွန်းနှိုးဆော်သည့် ရည်ရွယ်ချက်များဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ ညနေပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝင်းအတွင်း ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်နေရာတွင် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာအသီးသီးတွင် ကျွန်းပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုက်လံကြည့်ရှုအားပေးသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင်ပေါင်း ၁၀၀၀ ကျော်ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပညာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

ပညာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် အလယ်တန်းကျောင်းခွဲ (သူငွေးကုန်း)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ပညာရေးဝန်ကြီးဌာန အနေဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင် သုံးပင်၊ ကျွန်းပင် ၇၅ ပင်၊ မဟော်ဂနီပင် ၇၅ ပင်၊ ပိတောက်ပင် ၇၅ ပင်နှင့် ဆီသပြေ ၇၅ ပင် စုစုပေါင်း ၃၀၃ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တောင်သူများ၏ စိတ်ဓာတ်၊ လူမှုရေးနှင့်စီးပွားရေးအချက်သုံးချက်ကို ဟန်ချက်ညီစွာ မြှင့်တင်ပေးရမည်

**နေပြည်တော် ဇူလိုင် ၅**

နေပြည်တော် AERDTC ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည့် (၇၄)ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲတွင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ အကောင်အထည်ဖော်မှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေးအစီအစဉ်များအား တောင်သူနှင့် စိုက်ပျိုးရေးပညာရှင်များ အပြန်အလှန်ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။




အဆိုပါဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးလုပ်ငန်းခွင်မှ လယ်သမားများအပါအဝင် လုပ်ငန်းကွင်းဆက်တစ်လျှောက်လုံးတွင် ပါဝင်လုပ်ကိုင်သူများ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးသည့် ချဉ်းကပ်နည်းများကိုအခြေပြု၍ နည်းပညာပေးရန်လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ညီညွတ်မှုသည် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ “ညီညွတ်မှု” ကို အခြေခံကာ တောင်သူများ၏ စိတ်ဓာတ်၊ လူမှုရေးနှင့် စီးပွားရေးအချက်သုံးချက်ကို ဟန်ချက်ညီစွာ မြှင့်တင်ပေးရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိက တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ အကောင်အထည်ဖော်မှုနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမျိုးကျော်သူက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေးအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် သက်ဆိုင်ရာပညာရှင်များက ပြန်လည်ဖြေကြားခဲ့ကြသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များနှင့် သုတေသီများ၊ နေပြည်တော် ရှစ်မြို့နယ်မှ တောင်သူ ၅၀ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပညာရှင်နှင့် တောင်သူ ၁၅၇ ဦးတို့က zoon point ၁၀၀ မှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဒလမြို့နယ်အတွင်း သွားလာနေသော ရေယာဉ်များအား အသက်ကယ်အင်္ကျီဝတ်ဆင်မှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်

**ဒလ ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း ပြေးဆွဲနေသော စက်တပ်ရေယာဉ်များအား ဘေးအန္တရာယ်မဖြစ်ပေါ်စေရေး၊ ယာဉ်လိုင်စင်ရှိ၊ မရှိ၊ ယာဉ်လိုင်စင်အမှတ်အား ထင်သာမြင်သာရေးဆွဲထားခြင်း ရှိ၊ မရှိ၊ ဒလမြို့နယ်အတွင်းရှိ ရေယာဉ်များအား အသက်ကယ်အင်္ကျီ life Jacket ဝတ်ဆင်မှု ရှိ၊ မရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းစစ်ဆေးမှုကို ဇူလိုင် ၃ ရက်က ဗိုလ်ရန်ပြေရပ်ကွက်ရှိ တံလျှပ်သမ္ဗန်ဆိပ်၊ ကမာကသွယ်ရပ်ကွက်ရှိ ကမာကသွယ်သမ္ဗန်ဆိပ်၊ စက်မြေရပ်ကွက်ရှိ စက်မြေသမ္ဗန်ဆိပ်တို့တွင် ဒလမြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူ ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ငါးဦး၊ အရန်တပ်ဖွဲ့ဝင် နှစ်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သမ္ဗန်ဆိပ်တာဝန်ရှိသူတို့နှင့် ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)



မလိုအပ်သောမီးများကို
ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို ချွေတာပါ။
လျှပ်စစ်ကိုချွေတာ
သုံးစွဲခြင်းဖြင့်
မီတာခများများ
ကျသင့်ခြင်းမှ
ရှောင်ရှားပါ။

ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ကျေးလက်ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးရေးဆီသို့

ဇာနည်(ကျေးလက်)




**“ကျေးလက်ဒေသအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိက အားထား ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်၏မူဝါဒ၊ ဦးတည်ချက်များနှင့် အညီ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သွင်းအားစုများပေးအပ်ခြင်း၊ ငွေကြေး အရင်းအနှီးများ ဆောင်ရွက်ပေးခြင်း၊ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း များ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးသီးနှံများ ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေး ဆောင်ရွက်ပေးခြင်းတို့အပြင် နိုင်ငံတော်စီမံကိန်းဝင်သီးနှံများဖြစ်သော ဝါနှင့် နေကြာအပါအဝင် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေအပါအဝင် ငွေကြေးနှင့် သွင်းအားစုများ ကူညီဆောင်ရွက်ပေးလျက်ရှိ”**

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ်၌ သမိုင်းတွင်မည့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်နိုင်ခဲ့သည်။ နှစ်စဉ် ဇူလိုင်လ ၆ ရက်နေ့ကို ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အဖြစ် သတ်မှတ်ကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (A/78/L.84/Rev2) ဖြင့် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာ့လူဦးရေ၏ ၄၃ ရာခိုင်နှုန်းဖြစ်သော လူဦးရေ ၃ ဒသမ ၄၄၆ သန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသူများဖြစ်သည်။ ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ဥစ္စာနေကြွယ်ဝချမ်းသာရေးနှင့် မြို့ပြနှင့် ကျေးလက် ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရေးတို့အတွက် နိုင်ငံအသီးသီးရှိ အစိုးရအဆက်ဆက်က ဆယ်စုနှစ်ပေါင်းများစွာ ကြိုးစားအားထုတ်ခဲ့ကြသည်။ ထိုကဲ့သို့ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုရန်၊ ခွန်အားအပြည့်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ ဖြစ်ပေါ်ရေး CIRDAP အဖွဲ့က နှစ်ပေါင်းများစွာ ကြိုးပမ်းအားထုတ်ခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် အခြေစိုက်သော အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (Center on Integrated Rural Development for Asia and the Pacific – CIRDAP)သည် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံဖြင့် ဖွဲ့စည်းထားပြီး နိုင်ငံအလိုက် ဆောင်ရွက်နေသော ကျေးလက်ဒေသ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများကို ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်သည်။ ယင်းအဖွဲ့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၏ ပင်မဆက်သွယ်ရာဌာနအဖြစ် တာဝန်ယူ၍ နိုင်ငံတကာမျက်နှာစာတွင် တက်ကြွပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ကို ပထမဆုံးအကြိမ်အဖြစ် **“တို့ကမ္ဘာမြေတိုးတက်ပြောင်းလဲဖို့ ကျေးလက်စွမ်းအားမြှင့်တင်စို့”** ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာနိုင်ငံ၏**
**ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ပြန်တွေးကြည့်ပါက ဘက်စုံကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်များကို ရေရှည်တည်တံ့ခိုင်မြဲစေရေးရည်ရွယ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများကို ပင်မမဏ္ဍိုင်တစ်ရပ်အနေဖြင့် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည်မှာ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်သည်။

နိုင်ငံ့လူဦးရေ၏ သုံးပုံနှစ်ပုံခန့်သည် ကျေးလက်ဒေသများ၌ နေထိုင်ကြသူများ ဖြစ်သည့်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် ကျေးလက်ဒေသများကိုအခြေခံထားပြီး ဖော်ဆောင်ကြရခြင်းပင်ဖြစ်သည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရန်မှာ ကျေးလက်ဒေသ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သကဲ့သို့ မိသားစုဝင်ငွေတိုးရေး၊ ကျေးလက်စီးပွားမြင့်မားရေး နည်းပညာနှင့် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရန် လိုအပ်သည်။

ထို့ကြောင့် နိုင်ငံတော်အမျိုးသားရေး ရည်မှန်းချက်များ၊ မူဝါဒများနှင့်အညီ ကျေးလက်ဒေသများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအပါအဝင် ဆက်စပ်ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ ရည်မှန်းချက်များ အောင်မြင်စေရန် မူဝါဒကောင်းများ ရှိရန်လိုအပ်သည့်အတွက် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (SDGs)၊ အာဆီယံကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးပင်မစီမံချက်၊ မြန်မာနိုင်ငံ၏ ဘက်စုံရေရှည် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MCSDP)များနှင့် ချိတ်ဆက်၍ တိကျခိုင်မာ အားကောင်းသော ဖွံ့ဖြိုးရေးမူဝါဒများချမှတ်ကာ ပြည်သူ့အကျိုးပြု ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများ၊ လုပ်ငန်းများကို ပြည်သူလူထုအပါအဝင် သက်ဆိုင်သူအားလုံးနှင့် လက်တွဲပူးပေါင်းကာ ဟန်ချက်ညီညီ အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

**အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ**

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရန်မှာ မရှိမဖြစ်လိုအပ်လှသည်။ ကျေးလက်ဒေသအတွက် လမ်း၊ တံတား၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့သည် ကျေးလက်ဒေသအတွက် အခြေခံလိုအပ်ချက်ပင် ဖြစ်သည်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကျေးလက်လမ်းမိုင်ပေါင်း ၂၀၁၉၆ ဒသမ ၂၉ မိုင်၊ ကုန်ထုတ်လမ်းမိုင်ပေါင်း ၄၀၁၂ မိုင်၊ တံတား ၂၀၉၂၉ စင်း ဆောက်လုပ်ပေးနိုင်ခဲ့သဖြင့် ကျေးရွာ ၅၀ ရာခိုင်နှုန်း၊ လူဦးရေ ၅၈ ရာခိုင်နှုန်းအတွက် ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများ ဖောက်လုပ်ပေးနိုင်ခဲ့သည်ကို ဝမ်းမြောက်ဖွယ်ကြားသိရသည်။

ထို့ပြင် သန့်ရှင်းသောသောက်သုံးရေရရှိရေး အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ရေကြည်ရေသန့်ရရှိသော စက်ရေတွင်းများ၊ သန့်စင်မှုစနစ်ပါဝင်သော စိမ့်စမ်းရေသွယ်လုပ်ငန်းများဖြင့် အိမ်တိုင်ရာရောက် ရေကောင်းရေသန့်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကျေးလက်နေပြည်သူများ၏ ရေရှားပါးမှုပြဿနာများကို ဖြေရှင်းနိုင်စေရန် ရေရရှိရေးလုပ်ငန်းပေါင်း ၄၄၂၁၀ အား ကျေးရွာပေါင်း ၃၂၃၂၅ ရွာတွင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၈၄ ဒသမ ၅ ရာခိုင်နှုန်း လွှမ်းခြုံနိုင်ခဲ့ပြီဖြစ်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တောင်ပေါ်၊ မြေပြန့် နယ်စပ်ဒေသပါမကျန် ဖွံ့ဖြိုးစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပြင် ကျေးလက်လမ်းဦးစီးဌာနကလည်း ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းတံတားများအဖြစ် ဖော်ဆောင်ပေးလျက်ရှိသလို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း နယ်စပ်ဒေသရှိ ကျေးလက်နေပြည်သူများပါမကျန် ဖွံ့ဖြိုးမှုအခြေခံကောင်းများရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိသည်မှာ ကျေးလက်နေပြည်သူများအတွက် အားတက်ဖွယ်ဖြစ်သည်။

**စွမ်းအင်ဖွံ့ဖြိုးရေးကဏ္ဍ**

ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိရေးသည် လူနေမှုဘဝအတွက် မဖြစ်မနေလိုအပ်သည့် အခြေခံစွမ်းအင်တစ်ခုဖြစ်သည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက မဟာဓာတ်အားလိုင်း (On-Grid) မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသော ကျေးလက်ဒေသများတွင် မဟာဓာတ်အားလိုင်းပြင်ပ (Off-Grid) မီးလင်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ယခုဆိုလျှင် ကျေးရွာပေါင်း ၄၂၇၂၃ ရွာ မီးလင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရောင်ဖြင့် ထိန်ထိန်လင်းသည့် ကျေးရွာညများ ဖန်တီးပေးနိုင်ခဲ့ပြီဖြစ်သည်။ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

**အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့်**
**ကျေးလက်စီးပွားမြင့်မားရေးကဏ္ဍ**

ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးလက်စီးပွားမြင့်မားရေး လုပ်ငန်း ဆောင်ရွက်ပေးရာတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားရေးကို အဓိက ဖော်ဆောင်ပေးသည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (SMART Village)၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF)၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)၊ လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်း (Cash for Work)နှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများသည် ပြည်သူများအကြား ပြည်သူ့အကျိုးပြုဖွံ့ဖြိုးမှု စီမံကိန်းများပင်ဖြစ်သည်။ ယင်းစီမံကိန်းများသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖော်ဆောင်ပေးနေသည့် ပြည်သူအခြေပြုဖွံ့ဖြိုးရေး စီမံကိန်းများပင်ဖြစ်သည်။

ယနေ့အထိ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၁၅၁၇၆ ရွာ၊ ခေတ်မီစံပြကျေးရွာ ထူထောင်ရေး စီမံကိန်း ၁၂၈ ရွာ၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ၁၅၆ ရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ၁၉၄၁၇ ရွာ၊ လုပ်အားခပေး ဖွံ့ဖြိုးရေးစီမံကိန်း (Cash for Work)၂၈၂၃ ရွာနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ၅၉၆၆ ကြိမ်တို့ကို နိုင်ငံအနှံ့ ဖော်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ပြီး ဆက်လက်၍လည်း အားမာန်အပြည့်ဖြင့် ဖော်ဆောင်လျက်ရှိသည်။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာဖွံ့ဖြိုးရေးကဏ္ဍ**

ကျေးလက်ဒေသအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိက အားထား ဆောင်ရွက်နိုင်ရန်အတွက် *စာမျက်နှာ ၇ သို့*

# ပန်းတနော်မြို့နယ်၌ မြစိမ်းရောင် (ငါးကဏ္ဍ) ကျေးရွာစီမံကိန်း ချေးငွေပေးအပ်

ပန်းတနော် ဇူလိုင် ၅ ရောဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရုံးတော ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ရုံးတော မြစိမ်းရောင် (ငါးကဏ္ဍ) ကျေးရွာစီမံကိန်း၏ တတိယ အကြိမ် သုံးနှစ်မြောက် ချေးငွေ ပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၃ ရက်က ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ ပန်းတနော်မြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စစ်လင်း၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးတင်ဝင်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မြစိမ်းရောင် (ငါးကဏ္ဍ) စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ငါးမွေးတောင်သူများ၊ ဒေသခံ ရေလုပ်သားများ တက်ရောက်ကြပြီး ရုံးတောမြစိမ်းရောင် (ငါးကဏ္ဍ) ကျေးရွာစီမံကိန်း၏ တတိယအကြိမ် သုံးနှစ်မြောက် အတွက် ချေးငွေကျပ် ၅၂၇၇၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကမ္ဘာ့ရေးရာ Global Affairs အမှတ် (၃၂) (ဇွန်၊ ၂၀၂၅) ထွက်ပြီ



"သက်တမ်းရှည်ကြာနေသော ကာကွယ်မီးယားပဋိပက္ခ သို့မဟုတ် အိန္ဒိယ-ပါကစ္စတန် တင်းမာမှုများ"

၂၀၂၅ ခုနှစ်၊ ဇွန်လ ကမ္ဘာ့ရေးရာ အမှတ်စဉ်-၃၂ တွင်

- အိန္ဒိယ-ပါကစ္စတန် နောက်ခံအကြောင်းတရားများနှင့် ရှေ့အလားအလာ
- အင်ဒို-ပစိဖိတ်ဒေသတွင် အင်အားကြီး(၅)နိုင်ငံ၏ အနေအထား
- ထရမ့်ပစ်ဇင်က ကမ္ဘာ့အစီအစဉ်ကြီးကို ဘယ်လိုပုံပြောင်းပေးမည်လဲ
- ကုန်သွယ်ရေးစစ်ပွဲအရှိန်လျော့နိဒါန်း
- ခေတ်စားလာသော ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများ
- Track 2 Diplomacy ၏ အရေးပါသော အခန်းကဏ္ဍ
- ရုရှား-ယူကရိန်းစစ်ပွဲ ရက်စဉ်မှတ်တမ်းများ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၈၅၀၀)ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး) မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၈၃၈၇၅၆၈

စာမျက်နှာ ၆ မှ

နိုင်ငံတော်၏မူဝါဒ၊ ဦးတည်ချက်များနှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သွင်းအားစုများ ပေးအပ်ခြင်း၊ ငွေကြေးအရင်းအနှီးများ ဆောင်ရွက်ပေးခြင်း၊ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးသီးနှံများ ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေး ဆောင်ရွက်ပေးခြင်းတို့အပြင် နိုင်ငံတော်စီမံကိန်းဝင်သီးနှံများဖြစ်သော ဝါနှင့် နေကြာအပါအဝင် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေအပါအဝင် ငွေကြေးနှင့် သွင်းအားစုများ ကူညီဆောင်ရွက်ပေးခြင်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အပါအဝင် ဆက်စပ်ဦးစီးဌာနများဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့မှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသလို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

နို့စားနွားမွေးမြူရေးလုပ်ငန်းကို သမဝါယမစနစ်၊ အစုအဖွဲ့စနစ်ဖြင့် တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှစတင်၍ မိတ္ထီလာခရိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နို့စားနွားမွေးမြူရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သမဝါယမဦးစီးဌာနကလည်း သမဝါယမစနစ်ဖြင့် ဖော်ဆောင်ပေးလျက်ရှိသည့်အတွက် နို့စားနွားမွေးမြူသူများကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပြီး နေ့စဉ်ဝင်ငွေများရရှိ၍ မိသားစုဝင်ငွေ တိုးပွားလျက်ရှိသည်။

ကျေးလက်ဒေသများတွင် သမဝါယမစနစ် ထွန်းကားတိုးတက်၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ခိုင်မာစွာ ဆောင်ရွက်လာနိုင်စေရန် ဖော်ဆောင်ပေးလျက်ရှိသလို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် တောင်သူများ သီးနှံအထွက်တိုးစေရေး၊ ဈေးကွက်ခိုင်မာမှုရှိစေရေးတို့အတွက် ကုမ္ပဏီများနှင့် ချိတ်ဆက်၍လည်းကောင်း၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ပံ့ပိုးငွေရယူ၍လည်းကောင်း၊ အသင်းပိုင်ငွေဖြင့် လည်းကောင်း သမဝါယမကန်ထရိုက်လယ်ယာလုပ်ငန်း (Cooperative Contract Farming)ကို သမဝါယမဦးစီးဌာနက ဖော်ဆောင်ပေးလျက်ရှိပေသည်။

**စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ**

ယနေ့ခေတ်တွင် တောင်သူများအတွက် ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်ချိန် လျှော့ချပေးခြင်း၊ အထွက်နှုန်းတိုးတက်စေခြင်းတို့သည် စက်မှုလယ်ယာဖွံ့ဖြိုးမှုအပေါ် မှီခိုလျက်ရှိသည်။ ထို့ကြောင့် စက်စွမ်းအားပြည့် အသုံးပြုနိုင်မည့် စနစ်ကျလယ်ယာမြေကွက်များ ပေါ်ထွန်းစေရန် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို စက်မှုလယ်ယာဦးစီးဌာနမှ ဖော်ဆောင်ပေးလျက်ရှိရာ ဧကပေါင်း ၁ ဒသမ ၃၁၄ သိန်းအား စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေအဖြစ် ဖော်ထုတ်နိုင်ခဲ့ပြီ ဖြစ်ပေသည်။

**အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ**

ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးမြှင့်စေရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးတွင် ငွေကြေးအရင်းအနှီးနှင့် နည်းပညာများကို ပံ့ပိုးကူညီပေးခြင်း၊ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခြင်း၊ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရရှိရေး၊ ရောင်းချနိုင်ရေးနှင့် လုပ်ငန်းရှင်များအချင်းချင်း ကွန်ရက်ထူထောင်နိုင်ရေး အရောင်းပြပွဲများ စီစဉ်ကျင်းပပေးခြင်း၊ E-market place တည်ထောင်၍ ဈေးကွက်ရရှိရေးစီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အစီအစဉ်များကိုလည်း အားပေးမြှင့်တင်လျက်ရှိသည်။ ယခုလို MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့က အဓိကတာဝန်ယူ ဆောင်ရွက်နေသလို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း တစ်ဖက်တစ်လမ်းမှ အားဖြည့် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**လူထုအခြေပြုခရီးသွားလုပ်ငန်းကျေးရွာ ဖွံ့ဖြိုးရေးကဏ္ဍ**

ကျေးလက်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ လူထုအခြေပြုခရီးသွား လုပ်ငန်းကျေးရွာများကို ဖော်ဆောင်ပေးလျက်ရှိသည့်အတွက် ယနေ့အထိ Community Base Tourism ဆောင်ရွက်ပြီး ကျေးရွာ ၃၇ ရွာနှင့် ဆောင်ရွက်ဆဲကျေးရွာနှစ်ရွာ ဖော်ဆောင်ပေးလျက်ရှိသည်။

**ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာမှာ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍအနေဖြင့် မူလတန်းမှ အထက်တန်းအထိ အခြေခံပညာကျောင်းများ တည်ဆောက်ခြင်း၊ ကျောင်းများ၏ ဥပမိရပ်ကောင်းမွန်စေရေး ဆောင်ရွက်ခြင်း၊ ဆရာ ဆရာမများနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံရေး ဆောင်ရွက်ခြင်းအပြင် ကျောင်းနေရာခိုင်နှုန်း မြင့်မားလာရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျေးလက်ဒေသများတွင် အထက်တန်းကျောင်း ၅၂၀၅ ကျောင်း၊ အလယ်တန်းကျောင်း ၁၆၃၇၂ ကျောင်း၊ မူလတန်းကျောင်း ၂၅၁၉၉ ကျောင်း၊ စုစုပေါင်း ၄၆၇၆၆ ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူစုစုပေါင်း ၄၃ ဒသမ ၄၄၈ သိန်း ပညာသင်ကြားလျက်ရှိသည်။ အဆိုပါကျောင်းများတွင် သင်ကြားပေးမည့် ဆရာ ဆရာမပေါင်း ၂၃၀၀၀၀ ကျော်ကိုလည်း ခန့်အပ်ပေးနိုင်ခဲ့ပါသည်။

အခြေခံစာတတ်မြောက်ရေးကဏ္ဍတွင် စာဖတ်ရှိန်မြှင့်တင်ပေးခြင်း၊ ဝင်ငွေတိုးပွားရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းနှင့် အသိပညာပေးခြင်း အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့်လည်း ကျေးရွာနေပြည်သူများ စာဖတ်သည့် အလေ့အထရရှိစေရေး၊ စာပေများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၃၅၀၈ လုံး ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနအနေဖြင့်လည်း နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။

ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျေးလက်ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ကျေးလက်ကျန်းမာရေးဌာန ၁၉၀၄ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၉၀၇၇ ခု တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ကျေးလက်ဒေသများတွင် ဆရာဝန် ၃၇၀၊ သားဖွားဆရာမ ၇၉၉၃ ဦးနှင့် အမျိုးသမီးကျန်းမာရေးဆရာမ ၁၂၆၉ ဦး၊ ကျန်းမာရေးမှူး ၉၃၃၀ တိုးမြှင့်ခန့်ထားပေးခြင်း၊ ကျေးလက်ကျန်းမာရေး အသိပညာပေးလုပ်ငန်း အကြိမ် ၁၄၂၃၀၆၀ နှင့် ကာကွယ်ဆေးထိုးခြင်း အစီအစဉ်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ**

ကျေးလက်ဒေသများတွင် လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍအဖြစ် လူမှုဝန်ထမ်းဦးစီးဌာနက သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များကို ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးရာတွင် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးဖွားလာသည့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်း၊ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၁ ကျောင်း ဖွင့်လှစ်ထားရှိခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့အထိ သက်ကြီးပုဂ္ဂိုလ် ၁၁၃၆၈၈ ဦးအား လူမှုရေးပင်စင်ထောက်ပံ့ပေးနိုင်ခဲ့ပြီး ကိုယ်ဝန်ဆောင် မိခင်များနှင့် မွေးဖွားလာသည့် အသက်နှစ်နှစ်အောက် ကလေးသူငယ် ၁၆၉၅၄၇ ဦးအား ငွေကြေးထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

**သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကဏ္ဍ**

ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းဝင် ကျေးရွာများနှင့် အခြားကျေးရွာများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်လျက်ရှိရာတွင် ကျေးရွာများ၌ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲရေး လုပ်ငန်းများ၊ အိမ်တွင်းလေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ၊ ကျေးရွာပိုင်ထင်းစိုက်ခင်း၊ အစုအဖွဲ့ပိုင် သစ်တောများ ထူထောင်ခြင်း လုပ်ငန်းများ၊ ကျေးရွာတွင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဖော်ဆောင်ပေးလျက်ရှိပါသည်။

**ဆက်လက်ကြိုးပမ်းဆောင်ရွက်**

ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ လူ့ဘဝအရည်အသွေးမြှင့်တင်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်စေရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရတစ်ခုတည်းမဟုတ်ဘဲ ဒေသခံပြည်သူများ အပါအဝင် သက်ဆိုင်သူအားလုံးပါဝင်ပြီး ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲကာ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်မှသာ ရည်မှန်းချက်များ ထိရောက်အောင်မြင်မည် ဖြစ်ပါသည်။ ထို့ပြင် မကြာခဏ ကျရောက်တတ်သော သဘာဝဘေးအန္တရာယ်များကြောင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ပျက်စီးမှု၊ အနာဂတ်အစီအစဉ်များ နှောင့်နှေးမှုစသည့် အဟန့်အတားများကို ဖြေရှင်းမည့်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နေသလို ဒေသခံပြည်သူများကလည်း မိမိရပ်ရွာဖွံ့ဖြိုးရေးအတွက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးမှသည် ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ဆီသို့ တက်လှမ်းဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း ၂၀၂၅ ခုနှစ် ဇူလိုင် ၆ ရက်နေ့တွင် ကျရောက်သော "ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့" ကို ဂုဏ်ပြုတင်ပြလိုက်ရပါသည်။ ။

# ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် သမဝါယမအသင်းပေါင်း ၃၈၆၈၃ သင်း ဖွဲ့စည်းခဲ့ပြီဖြစ်

နေပြည်တော် ဇူလိုင် ၅

**၂၀၂၅ ခုနှစ် (၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သမဝါယမစီးပွားရေးဗဟိုဌာန၌ကျင်းပရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဗဟိုသမဝါယမအသင်းလီမိတက်နာယက၊ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ သမဝါယမကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမအသင်းစုချုပ်များမှ ဥက္ကဋ္ဌများနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သမဝါယမဦးစီးဌာနသည် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ Action Plan (၉)ရပ် ချမှတ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် အမှန်တကယ်အလုပ်လုပ်လိုသူများ၊ လုပ်ငန်းတူရာ အလိုက် သမဝါယမအပေါ် စိတ်ဝင်စားသူများအား စည်းရုံးဖွဲ့စည်းခြင်း၊ ဖွဲ့စည်းခဲ့ပြီးသော အသင်းဟောင်းများကို လုပ်ငန်းအမှန်တကယ် လုပ်ကိုင်သူများဖြင့်သာ ပြန်လည်ပြုပြင်ဖွဲ့စည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ သမဝါယမအသင်းပေါင်း ၃၈၆၈၃ သင်း ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

စိုက်ပျိုးရေးကုန်ထုတ် သမဝါယမအသင်းများအတွက် အထွက်တိုးမျိုးစေ့ ရှာဖွေပေးခြင်း၊ မြေပြုပြင်ရန် သွင်းအားစုထည့်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး အသိပညာပေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မွေးမြူရေးကုန်ထုတ်အသင်းများအတွက် မျိုးကောင်းမျိုးသန့်မွေးနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ တိရစ္ဆာန်အစာဝယ်ယူနိုင်ရေးစီစဉ်ပေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချပေးလျက်ရှိသည့် သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (Coopeative Accounting Vocational Training Center) များကို မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်နှင့် ပုသိမ်မြို့များတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှ စတင်ကာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ယခုနှစ်၏ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ကြွေးကြော်သံဆောင်ပုဒ်ဖြစ်သည့် “Cooperatives: Driving Inclusive and Sustainable Solutions for a Better World” (သမဝါယမနည်းလမ်းဖြင့် ပိုမိုကောင်းမွန်သောကမ္ဘာကြီးကို တည်ဆောက်ကြပါစို့) ဆိုသည့်အတိုင်း ကမ္ဘာတစ်ဝန်းလုံးက သဘောတူလက်ခံထားသည့် အခြေခံမူများအတိုင်း လိုက်နာကျင့်သုံးကြိုးစားအားထုတ်ပြီး တာဝန်ရှိသူများကိုယ်တိုင်က စနစ်တကျကြီးကြပ်ဆောင်ရွက်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးနိုင်ရေးအတွက် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းများက ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး (၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယင်းနောက် ဗဟိုသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဂုဏ်ပြုစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့မှ ပေးပို့သောသဝဏ်လွှာကို ဗဟိုသမဝါယမအသင်းလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက ဖတ်ကြား၍ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုတေးသီချင်းနှင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်မှု Video Clip ကိုကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌများနှင့် တိုင်းဦးစီးမှူးများထံ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သည့် သက်တံရောင်စီမံကိန်းစိုက်ပျိုးရေး၊ မွေးမြူရေးထောက်ပံ့ငွေများ၊ စက်ကိရိယာများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ပေးအပ်ကာ သမဝါယမလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်မြို့၌ စခန်းဝင်လေ့ကျင့်နေသော အားကစားအဖွဲ့ချုပ်များအား စစ်ဆေး၍ ၂၀၂၆ ခုနှစ် အာရှဖလားအမျိုးသမီးဘောလုံးခြေစစ်ပွဲ ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၅

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းအတွင်းရှိ ဘောလုံးကွင်း အမှတ်(၁)၌ I.S.P.E FC အမျိုးသားဘောလုံးအသင်းနှင့် I.S.P.E FC အမျိုးသမီးဘောလုံးအသင်း အခြေခံကိုယ်လက်ကြံ့ခိုင်စွမ်းရည်ရှိစေရန် မီတာ ၈၀၀ အပြေး Training လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**

ယင်းနောက် ဒဂုံမြို့သစ်မြောက်ပိုင်း ရွှေပင်လုံရှိ မြန်မာနိုင်ငံ ခရစ်ကတ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်းသို့ရောက်ရှိပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပဏာမလက်ရွေးစင် အားကစားသမားများ မိုးတွင်းကာလအတွင်း လေ့ကျင့်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ နည်းပြများနှင့် အားကစားသမားများကို ပြိုင်ပွဲသို့ စနစ်တကျ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှု ဆုတံဆိပ်များ ရရှိအောင် ကြိုးစားကြရန်မှာကြားပြီး ပြိုင်ပွဲသုံး အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားကစားအထောက်အကူပြုပစ္စည်းများ ဝယ်ယူရေး ကိစ္စရပ်များ၊ ခရစ်ကတ်အားကစားရုံတည်ဆောက်ရေး ကိစ္စရပ်များကို တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေး၍ လိုအပ်သည်များကို မှာကြားသည်။



ထို့နောက် ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ မြင်းစီးအားကစား အဖွဲ့ချုပ်သို့ ရောက်ရှိပြီး (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်ပါဝင်သည့် မြင်းအလှစီး (Dressage)၊ မြင်းစီးတန်းခုန် (Show Jumping)၊ ခရီးကြမ်းစီးနင်း (Cross Country) သုံးမျိုးပေါင်းဖြစ်သော Eventing မြင်းစီးအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်နေမှု၊ မြင်းစီးကွင်း၏ လက်ရှိ မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ဝေဇယန္တာလမ်းရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏာတွင် ကျင်းပသော ၂၀၂၆ ခုနှစ် အာရှဖလား အမျိုးသမီးခြေစစ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းနှင့် Bahrain အမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းက Bahrain အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းကို ခြောက်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇူလိုင် ၅**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။ **မိုး/ဇလ**

## ဆိပ်ကြီးခနောင်တိုမြို့နယ်၌ စက်တပ်ရေယာဉ်စီးခရီးသည်များ အန္တရာယ်ကင်းရှင်းရေး စစ်ဆေးအသိပညာပေး

**ဆိပ်ကြီးခနောင်တို ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ မိုးတွင်းကာလ စက်တပ်ရေယာဉ်ငယ်(သမ္ဗန်)စီး ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး စစ်ဆေးအသိပညာပေးခြင်းကို ဇူလိုင် ၃ ရက်က ဆိပ်ကြီးခနောင်တိုမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောမောင်သန်းတို့ ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ရေယာဉ်လိုင်းတာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝေယံ(ဆိပ်ကြီးခနောင်တို)**





# ကျန်းမာရေးဝန်ကြီးဌာန မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံတစ်ဝန်းကျေးလက် မြို့ပြများအားလုံး စိမ်းလန်းစိုပြည်သာယာစေရန်၊ မိမိပတ်ဝန်းကျင်နှင့် ကမ္ဘာမြေငြိမ်းချမ်းသာယာစေရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၅ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် လယ်ဝေးခရိုင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

သစ်ပင်စိုက်ပွဲသို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်ခိုင်ဝင်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရတနာတန်းဝင် ကျွန်းပင်ကို သတ်မှတ်နေရာ၌ ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက အထိမ်းအမှတ်သစ်ပင်များကို သတ်မှတ်နေရာများတွင် ဆက်လက်စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများ ပျိုးပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ စိန်ပန်း၊ စွယ်တော်၊ မန်ကျည်း၊ ကံ့ကော်၊ ပိတောက်၊ ခရေ၊ ကုက္ကို စုစုပေါင်းသစ်မျိုး ၁၀ မျိုးဖြင့် ပျိုးပင် ၄၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့နယ်များသို့ ထွန်စက်ကြီး၊ လက်ဆွဲကောက်စိုက်စက်နှင့် မျိုးစေ့ချကိရိယာများ ပေးအပ်

နေပြည်တော် ဇူလိုင် ၅

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ရာဇသင်္ဂဟလမ်းမကြီးသို့ သွားရောက်ပြီး ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သော လမ်းပိုင်းများအား ပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ရာသီဥတုကောင်းမွန်ချိန်တွင် စက်ယန္တရား၊ လူအင်အားတိုးမြှင့်ပြီး အင်တိုက်အားတိုက်ဆောင်ရွက်ရေး မှာကြားသည်။**

ယင်းနောက် လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည့် နေပြည်တော်ကောင်စီမှ မြို့နယ်များသို့ ထွန်စက်ကြီး၊ လက်ဆွဲကောက်စိုက်စက်နှင့် မျိုးစေ့ချကိရိယာများ ပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထွန်စက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် လက်ဆွဲကောက်စိုက်စက်ကို တာဝန်ရှိသူများအား ပေးအပ်၍ နေပြည်တော်ကောင်စီဝင်များက မျိုးစေ့ချကိရိယာများကို တောင်သူများအား ပေးအပ်ကာ ခင်းကျင်းပြသထားသော ထွန်စက်ကြီး၊ လက်ဆွဲကောက်စိုက်စက်နှင့် မျိုးစေ့ချကိရိယာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သွင်းအားစုနှင့်မျိုးစပါးပေးအပ်**

ထို့နောက် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာသို့ သွားရောက်ကာ ရွှေသစ္စာခန်းမ၌ နွေ၊ မိုး၊ ဆောင်း၊ ရာသီပြည့်သီးနှံစိုက်ပျိုးရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများ ပေးအပ်ပွဲကို တက်ရောက်၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌက နွေ၊ မိုး၊ ဆောင်း ရာသီပြည့်သီးနှံများ စိုက်ပျိုးနိုင်ရေး၊ ပလပ်မြေမထားဘဲ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် လယ်ယာမြေများတွင်သတ်မှတ်သီးနှံများသာစိုက်ပျိုးစေရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုများနှင့် မျိုးစပါးများကို တောင်သူများ ထံပေးအပ်သည်။ **(ယာပုံ)**

ယင်းနောက် ဆင်သေချောင်း တစ်လျှောက် ဘေးဝဲယာ၌ သီးနှံများစိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဥတ္တရသီရိရေလှောင်တမံသို့ သွားရောက်၍ ယာယီရေတားတမံ ဆောင်ရွက်ထားရှိမှု၊ အရေးပေါ် ရေပိုလွှဲဆောင်ရွက်နေမှုနှင့် ရေထုတ်ပြွန် ပြန်လည်ပြင်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းအမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် ဆောင်ရွက်ရေးနှင့် တာဝန်ရှိသူများက အမြဲမပြတ်ကြပ်မတ်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**



# ကယားပြည်နယ်ဝန်ကြီးချုပ် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇူလိုင် ၅**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ နောင်ယား (က) ရပ်ကွက်၌ ဟင်းသီးဟင်းရွက်၊ ရာသီသီးနှံ သရုပ်ပြစံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထားရှိသည့် ဟင်းသီးဟင်းရွက်များကို ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး၊ စိုက်ပျိုးရေးတောင်သူများကို စံပြ၊ သရုပ်ပြပညာပေးနိုင်ရေး ဆောင်ရွက်သွားရန်၊ ရာသီအလိုက် သီးနှံများကို စဉ်ဆက်မပြတ် စိုက်ပျိုးသွားရန်၊ နှစ်ရှည်သီးနှံများကိုလည်း အောင်မြင်ဖြစ်ထွန်းရုံမက ဈေးကွက်အတွင်း ဖြန့်ဖြူးနိုင်သည်အထိ ဆောင်ရွက်သွားရန် မှာကြားသည်။**(ဝဲပုံ)**



ဆက်လက်၍ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ငါးသားပေါက်ပြုစုကန်တည်ဆောက်ရေးလုပ်ငန်းခွင်ကိုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအမီ ပြီးစီးရေးဆောင်ရွက်သွားရန်နှင့် ထွက်ရှိလာသောငါးမျိုးများကို ငါးမွေးတောင်သူများထံ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒေါဥခူရပ်ကွက် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားရုံ အမှတ်(၂) တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပြည်နယ်ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်မည့် လက်ရွေးစင်အားကစားသမားများကို တွေ့ဆုံ၍ အားကစားစိတ်ဓာတ်အပြည့်ထားရှိပြီး ကောင်းသောယှဉ်ပြိုင်မှုဖြင့် ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင်အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် ပြည်နယ်လက်ရွေးစင်မှ နိုင်ငံ့လက်ရွေးစင်အထိ ရည်မှန်းချက်ထားကြိုးစားကြရန် အားပေးစကားများ ပြောကြားကာ အားကစားသမားများနှင့် နည်းပြများကို ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပဲခူးမြစ်ရေ ပဲခူးမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၅**

ယနေ့ နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်း မြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ယနေ့မိုးလေဝသ (၆-၇-၂၀၂၅)

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်မြို့**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေးမြို့**

နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

# ပန်းကလေးများမနွမ်းစေဖို့

**ဒေါက်တာဇင်ဇေယျာဝင်း**



ပြီးခဲ့သည့် ရက်သတ္တပတ် အနည်းငယ်အတွင်း ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုများ (CSA – Child Sexual Abuse) ကို မီဒီယာများတွင် အကြိမ်ကြိမ် မြင်တွေ့ကြားသိနေရပါသည်။ သို့သော် ကျွန်ုပ်တို့ မြင်တွေ့နေရသည်မှာ ရေခဲတောင်ကြီး၏ ရေပေါ်တွင်ပေါ်နေသော အစိတ်အပိုင်းငယ်လေးမျှသာဖြစ်ပြီး ရေအောက်တွင် နစ်မြုပ်လျက်ရှိသော အစိတ်အပိုင်းများ၏ ပမာဏကိုမူ မည်သူမျှ အပြည့်အဝမသိနိုင်ကြပါ။

CSA သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း၌ စိုးရိမ်ဖွယ်ရာတိုးပွားလျက်ရှိသော လူမှုပြဿနာတစ်ရပ်ဖြစ်ပါသည်။ ကုလသမဂ္ဂ၏ ၂၀၂၃ ခုနှစ် အစီရင်ခံစာအရ ကမ္ဘာ့ကလေးငယ်များ၏ ၂၀ ရာခိုင်နှုန်းခန့်သည် CSA ကို ကြုံတွေ့နေရသည်ဟု သိရှိရပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ကလေးသူငယ်အခွင့်အရေးဥပဒေဖြင့် CSA ကို တင်းကျပ်စွာ တားမြစ်ထားသော်လည်း အမှန်တကယ်အရေးယူနိုင်မှု နည်းပါးနေဆဲဖြစ်ပါသည်။ U-Report ၏ မြန်မာနိုင်ငံအတွင်း CSA ဆိုင်ရာ သုတေသနစစ်တမ်း၌ ပါဝင်ဖြေဆိုသူအားလုံး၏ ၅၁ ရာခိုင်နှုန်းက မိမိတို့နေထိုင်ရာပတ်ဝန်းကျင်တွင် CSA များရှိကြောင်း အတည်ပြုခဲ့ပါသည်။ ဤပြဿနာ၏ ပိုမိုနက်ရှိုင်းသောအချက်မှာ လူမှုရေးယဉ်ကျေးမှုအရ CSA ကို ဖုံးကွယ်လေ့ရှိခြင်းနှင့် အစီရင်ခံမှုနည်းပါးခြင်းတို့ကြောင့် စာရင်းဇယားများတွင် ဖော်ပြထားသည်ထက် အမှန်တကယ်ဖြစ်ပွားနှုန်း ပိုမိုမြင့်မားနေခြင်းဖြစ်ပါသည်။

**CSA ၏ အဓိပ္ပာယ်နှင့် အမျိုးအစားများ**

CSA ဆိုသည်မှာ လူကြီးတစ်ဦးဦး (သို့) အသက်ပိုကြီးသူတစ်ဦးဦးက ကလေးတစ်ဦးအား အာဏာ၊ ယုံကြည်မှု၊ စီးပွားရေးကိုအလွဲသုံးစားပြု၍ လိင်မှုကိစ္စအတွက် စော်ကားခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် သက်ငယ်မုဒိမ်းမှုအဖြစ် ဥပဒေအရ အရေးယူခံရနိုင်ပါသည်။ CSA ကို အဓိကအားဖြင့် ထိတွေ့ကိုင်တွယ်မှုပါသော အလွဲသုံးစားမှုများ (ဥပမာ – လိင်အင်္ဂါထိတွေ့ခြင်း၊ အဓမ္မပြုကျင့်ခြင်း) နှင့် ထိတွေ့မှုမပါသော အလွဲသုံးစားမှုများ (ဥပမာ– လိင်ပိုင်းဆိုင်ရာရုပ်ပုံပြသခြင်း၊ အွန်လိုင်းမှ နှောင့်ယှက်ခြင်း) ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၁ ခုနှစ် အချက်အလက်များအရ အသက် ၅ – ၁၇ နှစ်အတွင်းရှိ ကလေးများသည် CSA ခံရနိုင်ခြေအမြင့်ဆုံးဖြစ်ပြီး ကျူးလွန်သူများ၏ ၉၁ ရာခိုင်နှုန်းမှာ ကလေး၏ မိသားစုဝင် ဆွေမျိုး သို့မဟုတ် ရင်းနှီးကျွမ်းဝင်သူများ ဖြစ်နေတတ်ပါသည်။ ဤအချက်က ကလေး၏ စိတ်ဒဏ်ရာကို ပိုမိုနက်ရှိုင်းစေပါသည်။ CSA တွင် လိင်မှုဆိုင်ရာစကားများ အတင်းပြောစေခြင်း၊ ကလေးအား လိင်လုပ်သားအဖြစ်အသုံးချခြင်း (Child Trafficking)၊ ကလေးများအား လိင်မှုကိစ္စအတွက် ဓာတ်ပုံ/ဗီဒီယိုရိုက်ကူးခြင်း၊ အွန်လိုင်းမှတစ်ဆင့် ခြိမ်းခြောက်ခြင်း (Cyber Grooming) ကဲ့သို့သော ရှုပ်ထွေးသည့်ပုံစံများလည်း ပါဝင်နိုင်ပါသည်။

အထူးသတိပြုရမည့်အချက်မှာ CSA သည် မိန်းကလေးများတွင်သာမက ယောကျ်ားလေးများတွင်လည်း ဖြစ်ပွားနိုင်ပြီး ယောကျ်ားလေးများတွင် အစီရင်ခံမှုနှုန်း ပိုမိုနည်းပါးလေ့ရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်မှစ၍ အွန်လိုင်းမှ CSA အမှုများ တိုးပွားလာသည်ကို တွေ့ရှိရပါသည်။ CSA ၏ အခြားသောအန္တရာယ်ရှိသည့် ပုံစံတစ်ခုမှာ "Child Marriage" (ကလေးအား အတင်းအကျပ်လက်ထပ်စေခြင်း) ဖြစ်ပြီး ကျေးလက်ဒေသများတွင် ပိုမိုအဖြစ်များလေ့ရှိပါသည်။

**CSA ၏ လက္ခဏာများနှင့် ရေရှည်ဆိုးကျိုးများ**

CSA ပြုလုပ်ခံရသော ကလေးငယ်များတွင် ရုပ်ပိုင်းဆိုင်ရာလက္ခဏာများအဖြစ် လိင်အင်္ဂါနာကျင်ခြင်း၊ ယားယံခြင်း၊ မလိုလားအပ်သော ကိုယ်ဝန်ရရှိခြင်းနှင့် HIV/AIDS အပါအဝင် လိင်မှတစ်ဆင့် ကူးစက်သောရောဂါများ ကူးစက်ခံရနိုင်ခြေမြင့်မားစွာ တွေ့ရှိရပါသည်။ စိတ်ပိုင်းဆိုင်ရာလက္ခဏာများတွင် ကလေးငယ်များ ကြောက်ရွံ့လွန်ခြင်း၊ အိပ်မက်ဆိုးများမက်ခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် မိမိကိုယ်ကိုသတ်သေရန် စဉ်းစားခြင်းများပါဝင်သည်။ ကလေး ၇၅ ရာခိုင်နှုန်းခန့်သည် CSA ဖြစ်စဉ်ကို အနည်းဆုံး ငါးနှစ်အထိ ဖုံးကွယ်ထားတတ်ပြီး ယင်းမှာ ကျူးလွန်သူ၏ ခြိမ်းခြောက်မှု၊ အပြစ်ရှိသည်ဟုခံစားရမှုနှင့် မိသားစုဂုဏ်သိက္ခာကို စိုးရိမ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

လူမှုရေးဆိုင်ရာ ဆိုးကျိုးများအဖြစ် ကျောင်းစွမ်းဆောင်ရည်ကျဆင်းခြင်း၊ လူမှုဆက်ဆံရေးတွင် ယုံကြည်မှုပျောက်ဆုံးခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ CSA ပြုလုပ်ခံရသော ကလေးများ၏ ၆၀ ရာခိုင်နှုန်းခန့်တွင် Post – Traumatic Stress Disorder (PTSD) စိတ်ဒဏ်ရာနောက်ဆက်တွဲရောဂါလက္ခဏာများဖြစ်ပေါ်တတ်ပြီး ၄၅ ရာခိုင်နှုန်းခန့်တွင် နှစ်ရှည်လများ စိုးရိမ်စိတ်လွန်ကဲခြင်း (Anxiety Disorder) ကို ခံစားရတတ်ပါသည်။ ရေရှည်တွင် CSA ပြုလုပ်ခံရသူများသည် အရွယ်ရောက်လာသည့်အခါ မူးယစ်ဆေးစွဲခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းကဲ့သို့သော အန္တရာယ်ရှိသည့်အပြုအမူများကို ပိုမိုပြုလုပ်တတ်ပြီး အိမ်ထောင်ရေးနှင့် အလုပ်အကိုင်ဘဝတွင် အခက်အခဲများ ကြုံတွေ့ရနိုင်ကြောင်း သုတေသနတွေ့ရှိချက်များက ဖော်ပြထားပါသည်။

မိဘများအနေဖြင့် သတိထားရမည့်အချက်များမှာ ကလေး၏အပြုအမူများ ရုတ်တရက်ပြောင်းလဲခြင်း (ဥပမာ – ရေချိုးခန်းဝင်ရန် ငြင်းဆန်ခြင်း၊ အခြားသူများနှင့် ထိတွေ့ရန် ရှောင်ဖယ်ခြင်း)၊ အသက်အရွယ်နှင့် မလိုက်အောင် လိင်ပိုင်းဆိုင်ရာအကြောင်း အသိပညာများပြားလာခြင်းတို့ ဖြစ်ပါသည်။ CSA ၏ ဆိုးရွားသောအချက်တစ်ခုမှာ ကလေးငယ်များဖွံ့ဖြိုးမှုဆိုင်ရာ အာဟာရချို့တဲ့ခြင်း (Stunted Growth) နှင့် ဦးနှောက်ဖွံ့ဖြိုးမှု နှေးကွေးခြင်းတို့ကို ဖြစ်စေနိုင်သည့်အချက်ဖြစ်ပါသည်။

**CSA ကို ကာကွယ်ရန်နည်းလမ်းများ**

ကလေးများကို CSA မှ ကာကွယ်ရန် **"လုံခြုံသော ထိတွေ့မှု"** နှင့် **"မလုံခြုံသောထိတွေ့မှု"** တို့ကို ခွဲခြားသိရှိအောင် ပညာပေးရပါမည်။ ကလေးများအား ကိုယ်ခန္ဓာအကြောင်း သင်ကြားပေးပြီး တစ်ပါးသူ ထိတွေ့ခွင့်မပေးရမည့် အစိတ်အပိုင်းများ (Private Parts) အကြောင်း ရှင်းလင်းစွာ ပြောပြရပါမည်။ **"မိမိခန္ဓာကိုယ်ကို မိမိပိုင်ဆိုင်သည်"** ဟူသော အသိစိတ်ကို ကလေးငယ်ဘဝကတည်းက မွေးမြူပေးခြင်းဖြင့် CSA ကို ကာကွယ်နိုင်ပါသည်။ ကလေးများအား တစ်စုံတစ်ယောက်က ဘယ်သူ့မှမပြောနဲ့ ဟု ခြိမ်းခြောက်လာပါက မိဘ /ယုံကြည်ရသူကို ချက်ချင်းပြောရန် သင်ကြားပေးရပါမည်။ မိဘများအနေဖြင့် ကလေး၏ အပြုအမူပြောင်းလဲမှုကို နေ့စဉ်စောင့်ကြည့်ပါ။ ရုတ်တရက်စကားပြောနည်းလာခြင်း၊ အိပ်မက်ဆိုးမက်ခြင်း၊ ကျောင်းစွမ်းဆောင်ရည်ကျဆင်းခြင်းများကို သတိထားပါ။ ကျောင်းများတွင် CSA ကာကွယ်ရေးသင်ခန်းစာများ ထည့်သွင်းသင်ကြားပေးရပါမည်။

ကလေးများအား တစ်စုံတစ်ယောက်က CSA ပြုလုပ်လာပါက လုပ်ဆောင်ရမည့် **"NO–GO–TELL" (ငြင်းဆို–ထွက်ပြေး–ပြောပြ)** နည်းလမ်းကို လက်တွေ့သင်ကြားပေးခြင်းဖြင့် အန္တရာယ်ကို တုံ့ပြန်နိုင်စွမ်းမြှင့်တင်ပေးနိုင်ပါသည်။ အွန်လိုင်းလုံခြုံရေးအတွက် ကလေး၏ အင်တာနက်အသုံးပြုမှုကို စောင့်ကြည့်ပါ။ မသင့်လျော်သောဆက်သွယ်မှုများ၊ ဗီဒီယိုစာမျက်နှာများမှ ကာကွယ်ရန် Parental Control Software များ တပ်ဆင်ပေးပါ။ မိဘနှင့် သားသမီးအကြား ယုံကြည်စိတ်ချရသောဆက်ဆံရေးတည်ဆောက်ပါ။ CSA ကာကွယ်ရေးတွင် အရေးကြီးဆုံးအချက်မှာ ကလေးများ၏စကားကိုနားထောင်ပေးခြင်းနှင့် ယုံကြည်မှုပေးခြင်းဖြစ်ပါသည်။

**CSA ကြုံလာပါက တုံ့ပြန်ဆောင်ရွက်နည်းများ**

ကလေး၏စကားကို အပြစ်မတင်ဘဲ နားထောင်ပါ။ ကလေးကိုယုံကြည်ကြောင်း၊ ကလေးမှာ အပြစ်မရှိကြောင်း ရှင်းလင်းစွာပြောဆိုပါ။ သံသယဖြစ်ဖွယ်အခြေအနေများတွေ့ပါက ရဲတပ်ဖွဲ့ (အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာ) ဖုန်း 199 (မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရေးပေါ်ဖုန်း)၊ အနီးစပ်ဆုံးရဲစခန်းသို့ ဆက်သွယ်ပါ။ နီးစပ်ရာဆေးရုံ/ဆေးခန်းသို့ သွားရောက်ကာ ဒဏ်ရာများ၊ လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများနှင့် စိတ်ဒဏ်ရာများအတွက် ချက်ချင်းစစ်ဆေးကုသမှုခံယူပါ။ ဖြစ်စဉ်ကို လူမှုကွန်ရက်ပေါ်တွင် မဖော်ပြဘဲ သက်ဆိုင်ရာအာဏာပိုင်များသို့သာ အကြောင်းကြားပါ။ တရားဥပဒေဆိုင်ရာ အကူအညီရယူရန် ရဲစခန်းတွင် အမှုဖွင့်ပါ။

သက်သေအထောက်အထားများ (အဝတ်အစား၊ မက်ဆေ့ချ်များ) ကို မဖျက်ဘဲ သိမ်းဆည်းထားပါ။ ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးဥပဒေအရ CSA ကျူးလွန်သူများအား ထောင်ဒဏ် နှစ် ၂၀ မှ တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်ပါသည်။

*စာမျက်နှာ ၁၁ သို့*

**❂ CSA ဆိုသည်မှာ လူကြီးတစ်ဦးဦး (သို့) အသက်ပိုကြီးသူတစ်ဦးဦးက ကလေးတစ်ဦးအား အာဏာ၊ ယုံကြည်မှု၊ စီးပွားရေးကိုအလွဲသုံးစားပြု၍ လိင်မှုကိစ္စအတွက် စော်ကားခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် သက်ငယ်မုဒိမ်းမှုအဖြစ် ဥပဒေအရ အရေးယူခံရနိုင်ပါသည်။ CSA ကို အဓိကအားဖြင့် ထိတွေ့ကိုင်တွယ်မှုပါသော အလွဲသုံးစားမှုများ (ဥပမာ - လိင်အင်္ဂါထိတွေ့ခြင်း၊ အဓမ္မပြုကျင့်ခြင်း)နှင့် ထိတွေ့မှုမပါသော အလွဲသုံးစားမှုများ (ဥပမာ- လိင်ပိုင်းဆိုင်ရာရုပ်ပုံပြသခြင်း၊ အွန်လိုင်းမှ နှောင့်ယှက်ခြင်း) ဟူ၍ နှစ်မျိုးခွဲခြားနိုင်**

**❑ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၁ ခုနှစ် အချက်အလက်များအရ အသက် ၅-၁၇ နှစ်အတွင်းရှိ ကလေးများသည် CSA ခံရနိုင်ခြေအမြင့်ဆုံးဖြစ်ပြီး ကျူးလွန်သူများ၏ ၉၁ ရာခိုင်နှုန်းမှာ ကလေး၏ မိသားစုဝင် ဆွေမျိုး သို့မဟုတ် ရင်းနှီးကျွမ်းဝင်သူများ ဖြစ်နေတတ်ပါသည်။ ဤအချက်က ကလေး၏ စိတ်ဒဏ်ရာကို ပိုမိုနက်ရှိုင်းစေ**

## ရပ်စောက်၌ မြစိမ်းရောင်(အသားကဏ္ဍ)မွေးမြူရေးကျေးရွာထူထောင်ရန်အတွက် ရန်ပုံငွေပေးအပ်

**ရပ်စောက် ဇူလိုင် ၅**

ရပ်စောက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် မြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေးကျေးရွာ ထူထောင်ရန်အတွက် ကောင်းဘို့ (ရှေ့) ကျေးရွာသို့ ရန်ပုံငွေကျပ်သိန်း ၄၈၀ (တတိယအကြိမ်) ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၃ ရက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ တောင်ကြီးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ကျော်လွင်ဦးက အမှာစကား ပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်က မြစိမ်းရောင်(အသားကဏ္ဍ) ရန်ပုံငွေနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများ၊ ရန်ပုံငွေပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းအောင်က မြစိမ်းရောင် (အသားကဏ္ဍ) ရန်ပုံငွေ ကျပ်သိန်း ၄၈၀ ကို (တတိယအကြိမ်) ကောင်းဘို့ (ရှေ့) ကျေးရွာသို့ လည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင့်ဇော်က မြစိမ်းရောင် (အသားကဏ္ဍ) ကျေးရွာပိုင် စုဆောင်းရန်ပုံငွေ ကျပ်သိန်း ၂၄၀ ကို (ဆဋ္ဌမအကြိမ်) ရပ်စောက်မြို့နယ် ပါမဲကျေးရွာအုပ်စု တပ်ဦးရွာသစ်၊ ထင်းကွင်းကျေးရွာသို့ လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်အသီးသီး၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မက်မန်း**

ရှမ်းပြည်နယ် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က မက်မန်းမြို့ အမှတ်(၁)ရပ်ကွက် ဘောလုံးကွင်းအနီး၌ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးသောင်းစိန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုနှင့် အဖွဲ့ဝင်များက မဲဇလီ ၅၀၊ ချယ်ရီ ငါးပင်၊ စိန်ပန်းပြာ ၄၀၊ ငုရွှေဝါ ၁၅ ပင်၊ ကျွန်း ၂၀၊ မန်ကျည်း ၂၀ စုစုပေါင်းပျိုးပင် ၁၅၀ တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ ထို့နောက် “မြန်မာအမျိုးသမီးများနေ့” အထိမ်းအမှတ် ဥာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းဆောင်ရွက်ရာတွင် စိတ်ပါဝင်စားစွာဆောင်ရွက်ခဲ့သည့် ဌာနနှင့် လူပုဂ္ဂိုလ်များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေဇက်ထွန်း(မက်မန်း)**



**ဝမ်းတွင်း**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ “မြန်မာအမျိုးသမီးများနေ့” အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၃ ရက်က ရန်ကုန်- မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် ၃၂၂/၁ နှင့် ၃၂၂/၂ ကြားတွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လုံခြုံရေးအရာရှိနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်မိုးနှင့် သစ်တောဝန်ထမ်းများ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဒေသခံကျေးရွာပြည်သူများ စုစုပေါင်း ၁၇၁ ဦး တက်ရောက်ခဲ့ပြီး ကုက္ကို ၅၀၊ တမာ ၁၅၀၊ မဲဇလီ ၅၀၊ မန်ကျည်း ၅၀ စုစုပေါင်း ပျိုးပင် ၃၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများဆောင်ရွက်



**ရန်ကုန် ဇူလိုင် ၅**

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများကို ဇူလိုင် ၂ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ထူးထူးလွင်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမဥ္ဇူက လူငယ်နှင့်စာပေ၊ စာဖတ်ခြင်း အကျိုးကျေးဇူးများ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ဖွဲ့မင်းထက်(ပြန်/ဆက်)**

## တွံတေးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ဒလမြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ တွေ့ဆုံဆွေးနွေး

**ဒလ ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ အခြေခံစည်းမျဉ်းများအကြောင်းဆွေးနွေးပွဲကို ဇူလိုင် ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဆွေးနွေးပွဲတွင် တွံတေးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ကို ၂၀၀၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဖြစ်ပေါ်လာပုံအကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ အခြေခံစည်းမျဉ်းများအကြောင်းနှင့် လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းစဉ်များအကြောင်း အသေးစိတ် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒလမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုထွေးက အမျိုးသမီးများအပေါ် လူကုန်ကူးမှုများ၊ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်းများ၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်းစသည့် အမျိုးသမီးများနှင့်ပတ်သက်သည့် ကာကွယ်ပေးနိုင်မှုများအကြောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။



**ခင်စန္ဒာမြင့် (ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

*စာမျက်နှာ ၁၀ မှ*

လိုအပ်လျှင် ကလေးသူငယ် စိတ်ကျန်းမာရေး ပညာရှင်နှင့်ချိတ်ဆက်ကာ ကုသမှုခံယူပါ။ ကျူးလွန်သူနှင့် ထပ်မံမထိတွေ့စေရန် ယုံကြည်စိတ်ချရသော မိသားစုဝင်များနှင့်သာ နေထိုင်စေပါ။ အခြားကလေးများနှင့် အတူတူထားပါ။ တစ်ယောက်တည်း မနေစေရ။ CSA ခံရသော ကလေးများသည် နှစ်ပေါင်းများစွာ စိတ်ဒဏ်ရာကို ခံစားရနိုင်သဖြင့် မိသားစုအနေဖြင့် စိတ်ရှည်လက်ရှည်စောင့်ရှောက်ပေးရန် လိုအပ်ပါသည်။

CSA သည် ကလေးများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုထိခိုက်စေသည့် ကြီးမားသောအန္တရာယ်တစ်ခုဖြစ်ပြီး ကျွန်ုပ်တို့လူ့အဖွဲ့အစည်း၏ အနာဂတ်ကို ခြိမ်းခြောက်နေသောပြဿနာဖြစ်ပါသည်။ ထို့အပြင် CSA ပြုလုပ်ခံရသောကလေးများ သေချာစွာ ပြုစုစောင့်ရှောက်မှု မခံရဘဲ ကြီးပြင်းလာပါက လူကြီးဘဝတွင် အလားတူ အကြမ်းဖက်မှုများ ပြုလုပ်နိုင်ခြေ သုံးဆပိုများကြောင်း သုတေသနတွေ့ရှိချက်များက ဖော်ပြထားရာ ဤပြဿနာသည် မျိုးဆက်တစ်ခုမှတစ်ခုသို့ ကူးစက်တတ်သော အရာတစ်ခုအဖြစ် ရှိနိုင်သည်ကို သတိပြုရန် လိုအပ်ပါသည်။

သို့ဖြစ်၍ CSA ဖြစ်ပွားမှုမှကာကွယ်ရန် မိဘများ၊ ဆရာများနှင့် လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံး ပူးပေါင်းပါဝင်ရန် အရေးကြီးပါသည်။ CSA ကို ထိရောက်စွာ တားဆီးနိုင်ရန်အတွက် ကလေးများအား လုံခြုံစွာနေထိုင်နည်း ပညာပေးခြင်း၊ ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများပေးခြင်းတို့ကို အချိန်မီ ဆောင်ရွက်ရမည်။ ကလေးတိုင်းသည် မိမိတို့၏ ခန္ဓာကိုယ်နှင့် စိတ်ကို လုံခြုံစွာ ကာကွယ်နိုင်စွမ်းရှိရမည်ဖြစ်ပြီး ဤအခွင့်အရေးသည် ၎င်းတို့၏ အခြေခံလူ့အခွင့်အရေးတစ်ရပ်လည်းဖြစ်ပါသည်။ ထို့ကြောင့် **“ကလေးတိုင်းသည် လုံခြုံစိတ်ချရသောဘဝတစ်ခုကို ရပိုင်ခွင့်ရှိသည်”** ဟူသောအသိဖြင့် လူတိုင်းက CSA ကာကွယ်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း အလေးထား တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**ကိုးကား-**


1. Ministry of Social Welfare, Relief and Resettlement (Myanmar) & UNICEF (2020).

*“National Plan of Action on the Prevention and Response to Violence Against Children in Myanmar (2019–2023).”*

2. UNICEF Myanmar – Child Protection Programs.

https://www.unicef.org/myanmar/child-protection

3. Child Helpline International – Myanmar (2022). “Support Services for Child Abuse Victims in Myanmar.”

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် စိုက်ပျိုးရေးတောင်သူများနှင့်တွေ့ဆုံ၍ ဓာတ်မြေဩဇာများပေးအပ်

**ပင်လောင်း ဇူလိုင် ၅**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်ရှိ စိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံ၍ တောင်သူအသိပညာပေး ဆွေးနွေးပွဲနှင့် ဓာတ်မြေဩဇာများ ပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီခွဲက ပင်လောင်းမြို့ မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးများ ဖြစ်ပေါ်၍ စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်မှုများ ရှိခဲ့သဖြင့် တောင်သူများ၏ လိုအပ်ချက်များကို ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၏ တင်ပြချက်များကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး တောင်သူများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အတွင်းရေးမှူး၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကြကာ ခန်းမအတွင်း ခင်းကျင်းပြသထားသော ဒေသထွက်ကုန်ပစ္စည်းများနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပင်လောင်းမြို့နယ် ဘက်စုံသုံးခန်းမ၌ ငလျင်ဘေးသင့်ပြည်သူများကို အခြေခံစားသောက်ကုန်များ ပေးအပ်ခြင်း အခမ်းအနား တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ငလျင်ဘေးသင့် ပြည်သူများအား အခြေခံစားသောက်ကုန်များကို ပေးအပ်ကြသည်။

ဆက်လက်၍ နောင်တရားသဘာဝမြေဩဇာ



စက်ရုံနှင့် အာလူးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ပြည်တွင်းအခွန်များ ဦးစီးဌာနအလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄) အခွန်ဆိုင်ရာရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် ဇူလိုင် ၅**

ပြည်တွင်းအခွန်များ ဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံး(၄)အခွန်ဆိုင်ရာ ရှင်းလင်းပွဲကို ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း စိမ်းလဲ့မေရိပ်သာ လမ်းသွယ်ရှိ အဆိုပါရုံး၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄)ဌာနမှူး ဒေါ်အိအိခိုင်က အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်နီလာရွှေက တည်ဆဲအခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအတွက် ဒဏ်ကြေးနှင့် ပြစ်ဒဏ်များကို ဆိုင်ရာဥပဒေများ အလိုက် ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။**(အပေါ်ပုံ)**



ယင်းအခွန်ဆိုင်ရာ ရှင်းလင်းပွဲသို့ ကုမ္ပဏီ ၁၁၀ မှ တာဝန်ရှိသူ ၁၃၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ **အာကာလင်း**

## အာရှလူငယ်သက်ငယ်တန်းကြက်တောင်ပြိုင်ပွဲသို့ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်မှ လူငယ်လက်ရွေးစင်များ ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၅**

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ဇူလိုင် ၇ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့်BADMINTON ASIA REGIONAL CHAMPIONSHIPS 2025 (Southeast Asia) Mixed Team & Individual Event ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်မှ လူငယ်လက်ရွေးစင်များသည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။



အဆိုပါ ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ပိုင်၊ အုပ်ချုပ်၊ နည်းပြနှင့် လူငယ်လက်ရွေးစင်ကစားသမား အမျိုးသားခြောက်ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၁၇ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် လူငယ်လက်ရွေးစင် ကစားသမားများသည် U-15၊ U-17၊ U-23 တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အိမ်ရှင် ကမ္ဘောဒီးယား၊ မြန်မာ၊ လာအို၊ တီမော၊ ဘရူနိုင်းနိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## လင်းခေးမြို့၌ ဒုတိယအကြိမ် ရတနာတန်းဝင် ကျွန်းပင် ၁၁၀၀ စိုက်ပျိုးပွဲ ကျင်းပ

**လင်းခေး ဇူလိုင် ၅**

လင်းခေးမြို့ စစ်ဗျူဟာအဖွဲ့(အခြေချ)(လင်းခေး)၌ ၂၀၂၅ခုနှစ် ဒုတိယအကြိမ် ရတနာတန်းဝင် ကျွန်းပင်များ စုပေါင်းစိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ်စန်းယုနိုင်၊ ဗိုလ်မှူးချုပ် ကျော်စွာဝင်းနှင့်တပ်နယ်မှူး ဗိုလ်မှူးကြီး ကျော်ထွန်းလတ်တို့က ရတနာတန်းဝင် ကျွန်းပျိုးပင်များ ပေးအပ်ပြီး ဗိုလ်ချုပ် စန်းယုနိုင် ဦးဆောင်ကာ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ အိမ်ထောင်သည်ရဲမေများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်းပင် ၁၁၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**



## ကျောက်ဖြူမြို့၌ မိုးစပါးများပျိုးထောင်၍ စတင်စိုက်ပျိုး

**ကျောက်ဖြူ ဇူလိုင် ၅**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ဇူလိုင် ၁ ရက် နံနက်ပိုင်းက တောင်ရင်းကျေးရွာရှိ တောင်သူဦးခင်အောင်၏ လယ်တွင် ဆင်းသွယ်လတ်မိုးစပါးများကို ပျိုးထောင်၍ စတင်စိုက်ပျိုးသည်။

ထိုသို့ စတင်စိုက်ပျိုးရာတွင် ဆင်းသွယ်လတ်စပါးမျိုးကို ပျိုးသက်မှန်ဖြင့် တစ်ကေကောက်ကွက် ပြည့်မီစွာ စိုက်ပျိုးလျက်ရှိပြီး တောင်သူနှင့်အတူ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ကွင်းဝန်ထမ်းများက ကြီးကြပ်၍ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(ပြန်/ဆက်)**



## ပုသိမ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့ပြဆေးခန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ပုသိမ် ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့ပြဆေးခန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါဆေးခန်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက မြို့ပြဆေးခန်းတွင် ဆောင်ရွက်ပေးမည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက မိမိတို့ ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။



မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့ပြဆေးခန်းကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၂ နာရီခွဲအထိ ဖွင့်လှစ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

Lion City Sailors (စင်ကာပူ)၊ SDYUSHOR SI – Asiagoal (ကာဂျစ္စတန်)၊ အုပ်စု (ဃ) တွင် Kaohsiung Attackers (တရုတ်တိုင်ပေ)၊ Naegohyang (မြောက်ကိုရီးယား)၊ Master (လာအို)၊ RTC (ဘူတန်)၊ အုပ်စု (င) တွင် အရှေ့ ဘင်ဂေါ (အိန္ဒိယ)၊ ကစ်ချီ (ဟောင်ကောင်)၊ ဖနွမ်းပင်ခရောင်း (ကမ္ဘောဒီးယား) တို့ ပါဝင်နေသည်။ ခြေစစ်ပွဲကို ဩဂုတ် ၂၃ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုကို အိမ်ရှင်တစ်နိုင်ငံ ရွေးချယ်ပြုလုပ်မည်ဖြစ်ကာ အုပ်စု (က)ကို မြန်မာနိုင်ငံ၊ အုပ်စု (ခ) ကို ဥဇဘက်ကစ္စတန်၊ အုပ်စု (ဂ) ကို မလေးရှား၊ အုပ်စု (ဃ) ကို လာအို၊ အုပ်စု (င) ကို ကမ္ဘောဒီးယားနိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား မြေဩဇာများပေးအပ်

**ဘားအံ ဇူလိုင် ၅**

ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းခြင်းကွင်းသရုပ်ပြပွဲနှင့် တောင်သူများအား မြေဩဇာများပေးအပ်ပွဲကို ယနေ့ နံနက် ၈ နာရီက ဘားအံမြို့နယ် အိန္ဒူကျေးရွာအနီးရှိ ကမော့ကပိုမျိုးသန့်ခြံ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးကြမည့် ကော့ကဒါ၊ ကော့တာ၊ အိန္ဒူ၊ လွန်းည၊ နောင်အီဘုန်း၊ ကော့စကလိုကျေးရွာများမှ တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများနှင့် သဘာဝမြေဩဇာများ ပေးအပ်ကြသည်။



ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာန(ခွဲ)မှ တက်ရောက်လာသော တောင်သူများအား ငါးအမိုင်နိုအက်စစ် ပြုလုပ်နည်းနှင့် စူပါအီးအမ်ဘိုကာရှီသဘာဝ မြေဆွေးပြုလုပ်နည်းတို့ကို လက်တွေ့ပြုလုပ်ပြသကြသည်။

ထို့နောက် ကမော့ကပိုမျိုးသန့်ခြံ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) စံပြစိုက်ခင်း ၁၅ ကေ၌ အမှတ်(၂၀) စက်မှုလယ်ယာစခန်းမှ Kubota 50 ထွန်စက် သုံးစီးဖြင့် တောင်သူများအား သစ်စိမ်းမြေဩဇာထယ်ထိုးခြင်း ကွင်းသရုပ်ပြပွဲကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၏ မျိုးစေ့ထုတ် ဆောင်ရွက်မည့် စပါးပျိုးခင်းနှင့် စပါးမျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧကစိုက်ပျိုးနေမှုများကိုလည်းကောင်း၊ ကမော့ကပိုမျိုးသန့်ခြံအတွင်း မိုးစပါးအောင်ရေ ရရှိရေးတူးဖော်ထားသော ရေကန်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် အိန္ဒူတိုက်နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံတက်ရောက်ကုသနေကြသည့် မိဘပြည်သူများကို ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများကို မေးမြန်းအားပေးပြီး အာဟာရဖြည့်စွက်အစားအစာများ ချီးမြှင့်ပေးအပ်ကာ အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများအား အထွေထွေအသုံးစရိတ် ငွေကျပ် သုံးသိန်းနှင့် စားသောက်ကုန်ပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက်ဘားအံမြို့၏ခရီးစဉ်ဒေသတစ်ခုဖြစ်သော လွန်းညရေပြာအိုင်ကိုလည်းကောင်း၊ သထုံ-ဘားအံ - ကော့ကရိတ် - မြဝတီလမ်း ၃၉ မိုင်မှ မိုင် ၄၀ အတွင်း မြပြည်ကျေးရွာ၊ မြပြည်ကျောင်းကြီးဘုန်းတော်ကြီးကျောင်း မျက်ကွယ်ကွေ့ဖြောင့်မည့် နေရာ ၃၀၅ ပေအရှည်ကို ကွန်ကရစ်လမ်းချဲ့ခင်းခြင်း ဆောင်ရွက်နိုင်ရန် လမ်းနယ်နှင့် မလွတ်ကင်းသည့် ဘုန်းတော်ကြီးကျောင်းခြံစည်းရိုးကို အရှည် ပေ ၄၂၀ အသစ်ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းခွင်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မင်္ဂလာဒုံမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ လူငယ်နှင့်ပညာရေး ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း ၍ လူငယ်နှင့်ပညာရေး ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က အသိပညာပေး Talk Show ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စာရေးဆရာအသင်းမှ အမှုဆောင်ကော်မတီဝင် ဘဏ္ဍာရေးမှူး စာရေးဆရာမကြီး သက်ဦးခင်က "လူငယ်ဆိုတာ ပထမအရွယ်ပါ။ ပထမအရွယ် ပညာရှာချိန်မှာ ပညာကိုသာ စိတ်ဝင်စားသင့်တယ်၊ ငယ်ကပညာ မသင်ရှာ ကြီးခါခက်မည်မှတ်ဆိုတဲ့ သတိပေး ဆုံးမစကားလည်းရှိခဲ့ပါတယ်။ ပညာလိုသော် မပျင်းနဲ့ တဲ့၊ ကျောင်းနေပျော်၍ စာတော်သောကလေးဖြစ်ဖို့ရာ ပျင်းလို့မရဘူး။ ဇွဲ၊ လုံ့လ၊ ဝီရိယ ရှိရမယ်။ အချိန်ရှိခိုက်လုံ့လစိုက်တဲ့။ ဇွဲ၊ လုံ့လ၊ ဝီရိယရှိသူဟာ သူတစ်ပါးထက်အောင်မြင်နိုင်ပါတယ်"ဟု ထည့်သွင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ လူငယ်ဆိုတာ အနာဂတ်မျိုးဆက်သစ် ဖြစ်ကြောင်း၊ မျိုးဆက်သစ်များ တိုးတက်ရစ်ဖို့ မိဘ၊ ဆရာနှင့် ကျောင်းသား ကျောင်းသူများ အားလုံး ပူးပေါင်းပါဝင်ရမည်ဖြစ်ကြောင်း၊ "ပညာဆိုတာ စာသင်ကျောင်းက အစပြုတယ်"ဆိုသော်လည်း ကျောင်းစာချည်း




သက်သက် သင်ကြား၍ မဖြစ်ကြောင်း၊ ကျောင်းစာကို အခြေပြုပြီး ပတ်ဝန်းကျင်မှ အကြောင်းအရာများကို တွေးခေါ်မြော်မြင်တတ်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း အတန်းပညာ တတ်မြောက်ရေးအပြင် စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ် မြင့်မားလာစေရေး ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း လူငယ်များ၏ ပညာရေး၊ လူမှုရေး၊ အမျိုးသားရေး၊ စာရိတ္တမဏ္ဍိုင် မြင့်မားရေးတို့ကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူငယ်များ၏ အနာဂတ်ပညာရေးသည် တိုင်းပြည်အတွက် အားကောင်းသော အင်အားတစ်ခု ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း" စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**



## ကျိုင်းတုံမြို့၌ အသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပေးဆွေးနွေးပွဲကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ အသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပေးဆွေးနွေးပွဲကို ဇူလိုင် ၄ ရက်က ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခေတ္တပြည်နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ တိုးမောင်က အသည်းရောင်အသားဝါရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ အသိပေးဆွေးနွေးပြောကြားပြီး ကျိုင်းတုံပြည်သူ့ဆေးရုံကြီးမှ သမားတော်ကြီး ဒေါက်တာခင်ဇာလှိုင် က အသည်းရောင်အသားဝါ(စီ) ရောဂါ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်းက ဒေသအတွင်း အသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပရာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခေတ္တပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာတိုးမောင်က ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း လိုင်စင်ရရှိသူများ လိုက်နာရမည့် စည်းကမ်းများ၊ ပြည်နယ်ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**တာချီလိတ် ဇူလိုင် ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ (၁၀၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် ပစ်တိုင်းထောင် အထွေထွေ စီးပွားရေးလုပ်ငန်းနှင့် ငွေစုငွေချေး သမဝါယမ အသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် သဘာပတိဖြစ်သူ ပစ်တိုင်းထောင် အထွေထွေစီးပွားရေးလုပ်ငန်းနှင့် ငွေစုငွေချေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်တို့က အမှာစကားပြောကြားကာ အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအား အမှုဆောင်အဖွဲ့ဝင် ဒေါ်နီလာက ဖတ်ကြားတင်သွင်းပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှု စာရင်းများအား အတွင်းရေးမှူး ဒေါ်သန်းသန်းဆင့်က ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှု စာရင်းများအား အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် သဘာပတိ၏ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းဇော်(တာချီလိတ်)**

**အမှန်တကယ် ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။**

# တက္ကဆက်ပြည်နယ်၌ ရေကြီးမှုကြောင့် ၂၄ ဦးခန့် သေဆုံး

**တက္ကဆက် ဇူလိုင် ၅**

အမေရိကန်တောင်ပိုင်း တက္ကဆက်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် ၂၄ ဦးခန့် သေဆုံးခဲ့ကြောင်း၊ အာဏာပိုင်များက ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သေဆုံးသူများထဲတွင် ကလေးငယ်များပါဝင်**

ဇူလိုင် ၄ ရက် အစောပိုင်းက ရွာသွန်းခဲ့သည့် မိုးကြောင့် ဂွါဒါလူပီမြစ်တစ်လျှောက် ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သည်။ သေဆုံးသူများထဲတွင် ကလေးငယ်များလည်းပါဝင်ကြောင်း ဒေသခံအာဏာပိုင်များက ပြောသည်။

နွေရာသီစခန်းတစ်ခုတွင် တက်ရောက်နေသည့် မိန်းကလေးငယ် ၂၀ ခန့်မှာ ပျောက်ဆုံးနေကြောင်း သတင်းစာရှင်းလင်းပွဲတွင် တက္ကဆက်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဒန်ပက်ထရစ်က ပြောသည်။

**ရဟတ်ယာဉ်နှင့် ဒရုန်းများ အသုံးပြု**

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အာဏာပိုင်များက ရဟတ်ယာဉ်များ၊ ဒရုန်းများနှင့်အခြားသောနည်းလမ်းများကို အသုံးပြုခဲ့သည်ဟု ၎င်းကဆက်ပြောသည်။ မြစ်ရေတက်ခြင်း၊ လမ်းများရေမြုပ်ခြင်းနှင့် နေအိမ်များပတ်လည်တွင် ရွှံ့ရေများဝိုင်းနေခြင်းတို့ကို ရုပ်သံမှတ်တမ်း၌ တွေ့မြင်ရသည်။

**အင်န်အိတ်ချ်ကေ**



တက္ကဆက်ပြည်နယ်၌ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နေစဉ်။

# သီရိလင်္ကာနိုင်ငံ၌ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုပပျောက်ရေး အမျိုးသားအဆင့် စီမံကိန်းစတင်

**ကိုလံဘို ဇူလိုင် ၅**

သီရိလင်္ကာနိုင်ငံသည် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့် ဒေသခံပြည်သူလူထုများ၏ လူနေမှုဘဝ အဆင့်အတန်းမြှင့်တင်ပေးရေးကို ရည်ရွယ်ကာ Praja Shakthi ဟု ခေါ်သည့် အမျိုးသားအဆင့်စီမံကိန်းတစ်ရပ်ကို ကိုလံဘိုမြို့၌ ဇူလိုင် ၄ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။



သီရိလင်္ကာသမ္မတ အနူရာကုမာရဒိဆာနာယကီ။

သမ္မတ အနူရာကုမာရဒိဆာနာယကီက စီမံကိန်းစတင်ခြင်းအခမ်းအနားတွင် သဘာပတိအဖြစ်ဆောင်ရွက်ကာ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု အမြစ်ပြတ်လုပ်ဆောင်ရေးမှာ အစိုးရ၏ ထိပ်တန်း ဦးစားပေးလုပ်ငန်းစဉ်ဖြစ်ကြောင်း အလေးပေး ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ သီရိလင်္ကာဝန်ကြီးချုပ် ဟာရီနီ အမရာဆူရီယာနှင့် ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး နန်ဒါလယ်ဝီရာဆင်းဟီတို့လည်း တက်ရောက်ခဲ့ကြသည်။ ဒိဆာနာယကီသည် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး အမြစ်ပြတ်လုပ်ဆောင်ရာတွင် အစိုးရ၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံသားများ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရေး တောင်းဆိုထားသည်။

သီရိလင်္ကာနိုင်ငံတွင် ကျေးရွာပေါင်း ၁၄၀၀၈ ရွာရှိပြီး အဆိုပါ ကျေးရွာအားလုံးကို ဒစ်ဂျစ်တယ်ပလက်ဖောင်းသစ် တစ်ခုနှင့် ချိတ်ဆက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပလက်ဖောင်းက ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု အမြစ်ပြတ်လုပ်ဆောင်ရေး ကြိုးပမ်းအားထုတ်မှုများတွင် နိုင်ငံသားများကို တိုက်ရိုက်ပါဝင်စေမည်ဖြစ်ကြောင်း ဇူလိုင် ၃ ရက်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် သမ္မတရုံးအကြီးအကဲက ပြောကြားထားသည်။ **ဆင်ဟွာ**

# ဂျပန်ဒေသအများအပြားတွင် အပူချိန်ဆက်လက်ပြင်းထန်

**တိုကျို ဇူလိုင် ၅**

ဂျပန်နိုင်ငံ၌ ဒေသအများအပြားတွင် ဇူလိုင် ၅ ရက်က အပူချိန် ၃၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် မြင့်တက်ခဲ့ကြောင်း ဂျပန်မိုးလေဝသဌာနက ပြောသည်။

အဓိကအားဖြင့် ဂျပန်နိုင်ငံအနောက်ပိုင်းကို ဖုံးလွှမ်းနေသော လေဖိအားမြင့်ရပ်ဝန်းတစ်ခုကြောင့် ရာသီဥတုပူပြင်းလာရခြင်း ဖြစ်ကြောင်း မိုးလေဝသအေဂျင်စီက ပြောသည်။ အဒိချိခရိုင် တိုယိုတာမြို့တွင် အပူချိန် ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်၊ ယာမာနာရှီခရိုင် ကျိုတိုနှင့် ကိုဖူမြို့တို့တွင် အပူချိန် ၃၆ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ်နှင့် ၃၅ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ်ရှိခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံဒေသအများအပြား၌ ဇူလိုင် ၆ ရက်တွင်လည်း ရာသီဥတု ဆက်လက်ပူပြင်းနေဦးမည်ဖြစ်ကြောင်း၊ အပူလျှပ်ခြင်းဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ထားကြောင်း၊ ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ဇူလိုင် ၉ ရက်အထိ၊ ဂျပန်နိုင်ငံအနောက်ပိုင်းတွင် ဇူလိုင် ၁၂ ရက်အထိ အပူချိန်များ ဆက်လက်မြင့်မားနေဦးမည်ဖြစ်ကြောင်း မိုးလေဝသတာဝန်ရှိသူများက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ လူနေအဆောက်အအုံပြိုကျ၊ သေဆုံးသူ ၁၇ ဦးရှိလာ

**အစ္စလာမ္မာဘတ် ဇူလိုင် ၅**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ကရာချိဆိပ်ကမ်းမြို့၌ လူနေအဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားပြီးနောက် အပျက်အစီးများအောက်မှ သေဆုံးသူများကို ထပ်မံတွေ့ရှိသဖြင့် သေဆုံးသူပေါင်း ၁၇ ဦး ရှိလာကြောင်း နိုင်ငံပိုင် ကယ်ဆယ်ရေးအဖွဲ့ Rescue 1122 မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇူလိုင် ၅ ရက် နံနက်ပိုင်းက ဆင်ဟွာသို့ ပြောကြားသည်။

အပျက်အစီးများအောက်တွင် အသက်ရှင်နေသေးသူ ၁၀ ဦး ထက်မနည်းရှိသည်ဟု အသက်ဆန်းစစ်ရှာဖွေခြင်း ပစ္စည်းကိရိယာက အချက်ပြကြောင်း သိရသည်။

၎င်းတို့အား ကယ်တင်ရန် အရေးတကြီး လုပ်ဆောင်နေကြောင်း ကယ်ဆယ်ရေးလုပ်ငန်းမှ ပြောရေးဆိုခွင့်ရှိသူ ဟာဆန်အယ်ဟတ်ဆက်ဘ်ခန်းက ပြောကြားသည်။

နာရီပေါင်း ၂၀ ကျော်ကြာ ဆက်လက် ပြုလုပ်လျက်ရှိသည့် ကယ်ဆယ်ရေးလုပ်ငန်းသည် ပြီးမြောက်ရန် နောက်ထပ်ခုနစ်နာရီမှ ရှစ်နာရီအထိ လိုအပ်နိုင်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

၎င်းတို့သည် ယခင်က အန္တရာယ်ရှိသော အဆောက်အအုံဟု ကြေညာခဲ့ပြီး ဒေသခံများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ညွှန်ကြားထားကြောင်း ကရာချိမြို့တော်ဝန် မာတက်ဇာဝါဟက်က ပြောကြားသည်။

လူဦးရေထူထပ်သည့် Lyari ဒေသ၌ရှိသည့် ငါးထပ်အဆောက်အအုံသည် ဇူလိုင် ၄ ရက်က ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆောက်အအုံပြိုကျမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုကို အာဏာပိုင်များက စတင်ပြုလုပ်လျက်ရှိပြီး အနီးအနားရှိ အခြားအဆောက်အအုံများ၏ ဘေးအန္တရာယ် လုံခြုံမှုကိုလည်း စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**




ကရာချိမြို့၌ အဆောက်အအုံပြိုကျမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

# အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိရန် ဟားမားစ်က အပြုသဘောဆောင်သည့် သဘောထားများပြသ

**ဂါဇာ ဇူလိုင် ၅**

အမေရိကန် အဆိုပြုထားသည့် ဂါဇာကမ်းမြောင်ဒေသ ရက် ၆၀ အပစ်အခတ်ရပ်စဲရေး အစီအစဉ်ပေါ်အခြေခံ၍ အစ္စရေးနှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲစတင်ရန် အပြုသဘောဆောင်သည့် သဘောထားများကို ဟားမားစ်ဘက်မှ ပြသလျက်ရှိသည်ဟု သိရသည်။

ဟားမားစ်အဖွဲ့က ကြားဝင်စေ့စပ်ပေးသူများကို အပြုသဘောဆောင်သည့် သဘောထားဖြင့် တုံ့ပြန်ခဲ့သည်ဟု လူမှုကွန်ရက်မီဒီယာတွင် ဇူလိုင် ၅ ရက်က ဖော်ပြခဲ့သည်။ အမေရိကန်ဘက်က အဆိုပြုထားသည့် မူဘောင်ကို အကောင်အထည်ဖော်ရန် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် ပြင်ဆင်နေကြောင်းလည်း ဟားမားစ်အဖွဲ့က ပြောသည်။

အမေရိကန်ဘက်က အဆိုပြုထားသည့် အပစ်အခတ်ရပ်စဲရေး အစီအစဉ်တွင် ဟားမားစ်အဖွဲ့က ပြုပြင်ပြောင်းလဲရေး အချို့ကို တောင်းဆိုခဲ့သည်ဟု ဒေသတွင်း မီဒီယာများတွင် ဖော်ပြသည်။ ရက် ၆၀ ကြာ အပစ်အခတ် ရပ်စဲရေးအတွင်း ဟားမားစ်တို့က အစ္စရေးထံသို့ အသက်ရှင်လျက်ရှိနေသေးသည့် ဓားစာခံ ၁၀ ဦးကိုပြန်လွှတ်ပေးပြီး အလောင်း ၁၈ လောင်းကိုလည်း ပြန်လည်လွှဲပြောင်းပေးရန် ပါဝင်သည်ဟု မီဒီယာတွင်ဖော်ပြထားသည်။

တစ်ချိန်တည်းတွင် ပဋိပက္ခအဆုံးသတ်ရေး ဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ လိုအပ်ချက်များကို အစ္စရေးဘက်မှ လက်ခံထားပြီးဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အစောပိုင်းတွင် ပြောကြားခဲ့သည်။

သို့သော်လည်း လုံးဝအပစ်အခတ်ရပ်စဲရေးသို့ ဦးတည်ရန် အာမခံချက်ကို ဟားမားစ်တို့ဘက်မှ တောင်းဆိုနေသည်ဟု ပြည်တွင်းမီဒီယာတွင် ဖော်ပြထားသည်။ ဇန်နဝါရီလအတွင်းက ဂါဇာဒေသ၌ ယာယီအပစ်အခတ်ရပ်စဲရေးကို ပြုလုပ်ခဲ့သည်။

သို့သော်လည်း ဆွေးနွေးမှုအခြေအနေများမှာ ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေသည့်အတွက် မတ်လအတွင်း ပစ်ခတ်တိုက်ခိုက်မှုများ ပြန်လည်စတင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၅**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်း အသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိဝေဠုဝန်ငါးထပ်ကြီးဘုရား၊ ဘုရားဖြူစေတီ၊ ဇိနမာရ်အောင် လောကချမ်းသာကြေးဘုရားကြီးနှင့် ရွှေစေတီဘာသန္တရသင်တန်းကျောင်းတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှင်ပင်နန်းဦးစေတီအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟိယင်္ဂဏစေတီအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဇေယျာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ကျောင်းအုတ်တံတိုင်းနံရံများအား ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ သွားရောက်၍ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်စဉ် အန္တရာယ်ကင်းရှင်းစေရေး စမြင်နေရာများအား ယာယီဒေါက်တိုင်ထောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ၊ ဘုရားကြီး၏ နောက်ကျောတော်နေရာတွင် ပြိုကျပျက်စီးသွားသည့်တိုင်များ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ ဘုရားကြီးအနောက်ဘက်စောင်းတန်းနှင့် တောင်ဘက်စောင်းတန်းရှိ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပြီးစီးမှု အခြေအနေများ၊ ဘုရားကြီးကျောက်စာတိုက်နေရာ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ အသစ်ပြန်လည်တင်လှူမည့် စိန်ဖူးတော်ပြုလုပ်ပြီးစီးမှု အခြေအနေများနှင့် ဂန္ဓကုဋိတိုက်အတွင်းပိုင်း ကြွခိုင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ဘုရားကြီးရှင်းလင်းဆောင်၌ ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မဟာအောင်မြေမြို့နယ် ဟေမမာလာတောင်ရပ်ကွက်သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုများအား ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ တို့ ရှင်ပင်နန်းဦးစေတီသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။**



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၏ နောက်ကျောတော်နေရာတွင် ပြိုကျပျက်စီးသွားသည့်တိုင်များ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။**

❑ *ကျောဖုံးမှ*

ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

❍ *ကျောဖုံးမှ*

ပွဲကစားချိန် ၈၃ မိနစ်တွင်ပါးမီးယပ်စ် ခံစစ်ကစားသမား ဂရေးကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ ချယ်ဆီးအသင်း ဒုတိယဦးဆောင်ဂိုးရရှိခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး လူစားပြောင်းလဲမှုများ ပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့် တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ချယ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ချယ်ဆီးအသင်း အဓိကကစားသမား ပဲလ်မာသည် ကလပ်နှင့် နိုင်ငံအသင်းအတွက် ရစ်ပွဲဆက် ဂိုးပေါက် ပျောက်ဆုံးမှုကို ယနေ့ပွဲစဉ်တွင် အဆုံးသတ်နိုင်ခဲ့သည်။ ချယ်ဆီးအသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ဘရာဇီးကလပ် ဖလူမီးနိစ်အသင်းနှင့် ဇူလိုင် ၉ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဖလူမီးနိစ်အသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဇူလိုင် ၅ ရက် နံနက် ၁ နာရီခွဲက ဆော်ဒီအာရေဗျကလပ် အယ်ဟီလယ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာခြင်းဖြစ်သည်။

**အောင်ဇော်**



## ကွမ်းခြံကုန်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ကွမ်းခြံကုန်း ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကံကြီး/မကျီးရပ်ကွက် မြို့ရှောင်လမ်း၌ မြို့နယ်လမ်းဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၅ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၃ ရက်က ကျင်းပရာ ကွမ်းခြံကုန်းမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းအောင်ကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးလှမင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာ အသင်းဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း ၁၅၀ တို့က မန်ဂျန်ရှားပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၃ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နမ့်စန်မြို့နယ် နမ့်စန်ကျေးရွာအုပ်စု နောင်ခမ်းကျေးရွာရှိ ဂိုဒေါင်အမှတ်(၂၈၄-နောင်ခမ်း) ၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၇၆ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၁ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၄၆၃၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၃ ရက်နှင့် ၄ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမီးပွိုင့်အကျော် Petro Star စက်သုံးဆီဆိုင် အနီး၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ကိုးမျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၄၁၅၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Super Mandalar Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Renault B Premium Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၀၀၀၀၀၀)ကို လည်းကောင်း၊ ပဲခူးတိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၂၉၈၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၆၀၀၃၅၆)ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ THAI Airways လေယာဉ်ခရီးစဉ်အမှတ် TG-303/ SF – 6254 ဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် ဂျပန် နိုင်ငံသား ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၆၄၅၅၅၆ ကို ဖမ်းဆီး ရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ ဇူလိုင် ၄ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာနှင့် ကျခတ်ငူကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ် အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန် မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၃၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၄ ရက်တွင် ပြည်ထဲရေးဝန်ကြီး ဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများ အရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၀ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၆၉ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၃၄၉၁၅၆)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့် အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

## မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၅**

မြို့နယ်အချို့၌ ဇူလိုင် ၃ ရက်နှင့် ၄ ရက်က လိုင်စင်မဲ့မော်တော် ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့ ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက် နံနက် ၁၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းမြို့နယ် တကောင်း ရပ်ကွက်ရှိ ရတနာပုံတံတား စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် စစ်ဆေးခြင်းများ ဆောင်ရွက် နေစဉ် မြစ်ငယ်မြို့ ဥယျာဉ်တော ရပ်ကွက်နေ လှစိုးဦး(၄၂)နှစ်အား နံပါတ်မပါ Luojia အမျိုးအစား လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီးနှင့် အမရပူရမြို့ ရွှေဒင်ရပ်ကွက်နေ မောင်ချမ်း(၂၉)နှစ်အားZHINENG အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ် တစ်စီးဖြင့်လည်းကောင်း။

အလားတူ ဇူလိုင် ၄ ရက် နံနက် ၉ နာရီ ၅၅ မိနစ်တွင် ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သည် ရွှေဘိုမြို့ အမှတ်(၁)ရပ်ကွက် ရွှေဘို-ကန်တော်သွားကားလမ်း၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အဆိုပါ ရပ်ကွက်နေ ဇင်မင်းထွန်း(၄၅) နှစ်အား နံပါတ်မပါ KENBO 125 အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး၊ စဉ့်တုံကျေးရွာနေ ဝင်းတင့် (၆၀)နှစ်အား နံပါတ်မပါ NEW ANBO 125 အမျိုးအစား လိုင်စင်မဲ့ ဆိုင်ကယ် တစ်စီး၊ အမှတ်(၃) ရပ်ကွက်နေ ဇန်ထက်(၃၀)နှစ် အား နံပါတ်မပါ JINLING 90 အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ် တစ်စီးနှင့် ကံသာကုန်းကျေးရွာနေ လှိုင်ဝင်း(ခ)ယူစွတ် (၄၁)နှစ်အား နံပါတ်မပါ KENBO 125 အမျိုး အစား လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး ဖြင့် လည်းကောင်း။

အလားတူ နံနက် ၈ နာရီ ၁၅ မိနစ်တွင် မွန်ပြည်နယ် ဘီးလင်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘီးလင်းမြို့နယ် ဘိုးလှကြီး ရပ်ကွက်၊ ရန်ကုန်-မော်လမြိုင် ကားလမ်း၌ မော်တော်ယာဉ် စစ်ဆေးခြင်းများ ဆောင်ရွက် နေစဉ် အဆိုပါရပ်ကွက်နေ ပရ်ဒီကူမာရ်(ခ) ပါပါး(၃၆)နှစ်ပါ အမျိုးသား သုံးဦးအား လိုင်စင်မဲ့ ဆိုင်ကယ် သုံးစီးဖြင့်လည်းကောင်း။

အလားတူ နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ပေါင်မြို့နယ် ဇင်းကျိုက် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သည် ဖလပ်ကျေးရွာအနီး၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အဆိုပါကျေးရွာ နေ သဲကို(၂၀)နှစ်အား လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း။

နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်း နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သည် ၄က်ပျောတောကျေးရွာ ကျိုက်ထို – ကင်မွန်းချောင်း ကား လမ်း၌ မော်တော်ယာဉ်စစ်ဆေးခြင်း များ ဆောင်ရွက်နေစဉ် ကျွန်းတော ကျေးရွာနေ ထက်ရီရီမြင့်(၂၅)နှစ် အား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး ဖြင့် လည်းကောင်း။

မွန်းလွဲ ၁ နာရီတွင် မော်လမြိုင် မြို့နယ် စက်မှုဇုန်နယ်မြေရဲစခန်း မှ တပ်ဖွဲ့ဝင်များသည် ဘားအံ- မော်လမြိုင်ကားလမ်း စက်မှုဇုန် စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် စစ်ဆေးခြင်းများ ဆောင်ရွက် နေစဉ် သံဖြူဇရပ်မြို့နယ် ဝဲရပ် ကျေးရွာနေ အောင်အောင်ဦး(၄၀) နှစ်အား လိုင်စင်မဲ့ဆိုင်ကယ် တစ်စီးနှင့် မွန်းလွဲ ၂ နာရီခွဲ တွင် စစ်ကဲကုန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဘိုကုန်း ရပ်ကွက် အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်းရှေ့၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မဟာမြိုင် ရပ်ကွက်နေ ဇော်မျိုးလတ်(၄၂) နှစ်အား လိုင်စင်မဲ့ဆိုင်ကယ် တစ်စီးဖြင့်လည်းကောင်း။

ထို့အတူ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သဃ်္ဃန်းကျွန်း မြို့နယ် ဦးစံဖေရပ်ကွက် လေးထောင့်ကန် လမ်းပေါ်၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် သုဝဏ္ဏ(ခ) ရပ်ကွက်နေ ဟိန်းမင်းကျော်(၂၈) နှစ်အား လိုင်စင်မဲ့ဆိုင်ကယ် တစ်စီးဖြင့်လည်းကောင်း ဖမ်းဆီး ရမိခဲ့သဖြင့် ၎င်းတို့အား သက်ဆိုင် ရာ ရဲစခန်းများ၌ အသီးသီးအမှုဖွင့် အရေးယူထားသည်။ **ရဲပြန်ကြား**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှု အပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း နှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Moe Thet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ပေါမိုင်းရပ်ကွက်နေ စိုးဝင်းကိုအား ည ၁၀ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ ဇူလိုင် ၄ ရက်တွင် “8/မကွေး သားလေး” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မန်ကျီးကိုင်းကျေးရွာနေ မြင့်သူထွေးအား နံနက် ၉ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်း အသီးသီး၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၃)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး ဇူလိုင် ၅**

၂၀၂၅ ခုနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၂၃) နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်း ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားအသင်းများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကာ ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသား ကျောင်းသူများ၊ ပိုက်ကျော်ခြင်း အားကစားဝါသနာရှင် ပရိသတ်များက အဖွင့်ပွဲစဉ်အဖြစ် ပဲခူးမြို့နယ်အသင်းနှင့် ရွှေတောင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

၂၀၂၅ ခုနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၃)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ ပြိုင်ပွဲဝင်အသင်း ၂၈ သင်းပါဝင်ကာ အုပ်စု(၈) အုပ်စုခွဲပြီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# လင်းခေးမြို့နယ် ဂျီအီးစီ(ပညာရေး) သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**လင်းခေး ဇူလိုင် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် ဂျီအီးစီ (ပညာရေး) သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက လင်းခေးမြို့ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ခန်းမ၌ ကျင်းပသည်။



အဆိုပါ အစည်းအဝေးတွင် ဂျီအီးစီ(ပညာရေး)ဥက္ကဋ္ဌ ဦးစိုင်းကျော်ဝင်း (လက်ထောက်ညွှန်ကြားရေးမှူး)က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမြဝင်းက နှစ်ပတ်လည် အစည်းအဝေး ကျင်းပရခြင်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်း အမှာစကား ပြောကြားသည်။ ယင်းနောက် အသင်းအမှုဆောင်အဖွဲ့မှ ဦးစိုင်းထွန်းအေးက အမှုဆောင်အဖွဲ့၏၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းအစီရင်ခံစာ ဖတ်ကြားခြင်းနှင့် အဖွဲ့ဝင် ဦးခင်မောင်သန်းက ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေး လက်ကျန်ရှင်းတမ်းများကို ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**စိုင်းဇော်လတ်(လင်းခေး)**

# အိမ်မဲမြို့နယ်၌ ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းသရုပ်ပြ

**အိမ်မဲ ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဆိတ်ချေးကုန်းကျေးရွာ၌ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါသရုပ်ပြပွဲကို ဆိတ်ချေးကုန်းကျေးရွာ တောင်သူဦးထွန်း၏ လယ်ကွင်းအမှတ် ၃၅/ခ ကွင်းဦးပိုင်အမှတ် ၃၁/၂ တွင် KUBOTA 6 ROWS စက်ဖြင့် စပါးစိုက်ပျိုးရာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးခင်မောင်မျိုးက အဆိုပါစက်ဖြင့် စိုက်ပျိုးခြင်းကြောင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

**အိမ်မဲ (ပြန်/ဆက်)**



# ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်

**ကျိုက်ထို ဇူလိုင် ၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ တောင်ပိုင်းရပ်ကွက်ရှိ အ.မ.က (၄) တောင်ပိုင်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာ အသုံးပြုရေး၊ ကျောင်းစာကို ကြိုးစားကြသကဲ့သို့ ဗဟုသုတ တိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေးမှုများကို ဟောပြောဆွေးနွေးသည်။



ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# ကဝမြို့နယ်၌ (၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကျင်းပ

**ကဝ ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ (၁၀၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၃ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ကဝမြို့နယ် "ဘောဂဗလ" ငွေစုငွေချေး သမဝါယမအသင်းလီမိတက်မှ ဦးစီးအရာရှိ ဦးဇေယျာဝင်းက အသင်းသားများအား အစုပေါ်အမြတ်နှင့် စုဆောင်းငွေပေါ်အတိုးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**



# အမျိုးသမီးများကို တရုတ်ယောက်ျားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများ လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ချမှတ်

**နေပြည်တော် ဇူလိုင် ၅**

အမျိုးသမီးများကို တရုတ်ယောက်ျားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တန့်ယန်းမြို့နေ မ-----၊ ၂၅/၂၀၂၅ နှစ်နှင့် မ-----၊ ၁၆/၂၀၂၅ နှစ်တို့ ညီအစ်မနှစ်ဦးကို တန့်ယန်းမြို့နယ် လုံပုန်းအုပ်စု ကုန်ဆာကျေးရွာနေ မနန်းခမ်းလီမှ တရုတ်ယောက်ျားယူလျှင် တရုတ်ငွေယွမ် ၃၅၀၀၀ (မြန်မာငွေကျပ်သိန်း ၂၁၀ ခန့်)ရမည်၊ ချမ်းချမ်းသာသာနေရမည်၊ တရုတ်ယောက်ျားမှ ရွှေငွေများ ဆင်ပေးမည်၊ တရုတ်ယောက်ျားအား ဆက်လက်မပေါင်းသင်းလိုပါက ကလေး တစ်ဦးမွေးပြီးလျှင် ပြန်လာ၍ရသည်ဟု စည်းရုံးပြောဆို၍ ပန်းဆန်းမြို့နေ မအေးပီး နေအိမ်သို့ ပို့ဆောင်ခဲ့သည်။

၎င်းတို့ညီအစ်မနှစ်ဦးသည် မအေးပီး၏ နေအိမ်တွင် လာရောက်ခေါ်ဆောင်မည့် တရုတ်ယောက်ျားများကို စောင့်ဆိုင်းနေစဉ် တရုတ်ယောက်ျားယူရန် ဆန္ဒမရှိတော့၍ တန့်ယန်းမြို့သို့ ထွက်ပြေးလာခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် စားဝတ်နေရေး အခက်အခဲကိုအကြောင်းပြကာ တရုတ်ယောက်ျားယူရန် စည်းရုံးပြောဆိုပြီး ငွေကြေးခေါင်းပုံဖြတ်ရယူရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည့် မနန်းခမ်းလီနှင့် မအေးပီးတို့ကို တန့်ယန်းမြို့မ ရဲစခန်း (ပ)၅/၂၀၂၅၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ပို့ပြီး ၂၀၂၅ ခုနှစ် ဇွန် ၄ ရက်တွင် တန့်ယန်းခရိုင်တရားရုံးမှ တရားခံ မနန်းခမ်းလီကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန်နှင့် တိမ်းရှောင်တရားခံ မအေးပီးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ငူမြို့ရှိ လောကုတ္တရာစေတီတော်မြတ်ကြီး အသစ်ပြန်လည် တည်ထားကိုးကွယ်ပူဇော်ရန် ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကျင်းပ



**တောင်ငူ ဇူလိုင် ၅**

မန္တလေး မြေလျှင်ကြီးကြောင့် ပြိုကျပျက်စီး ယိုယွင်းခဲ့သည့် တောင်ငူမြို့ လောကုတ္တရာ စေတီတော်မြတ်ကြီး အသစ်ပြန်လည် တည်ထားကိုးကွယ် ပူဇော်ရန် ရတနာပန္နက်တော်တင် မင်္ဂလာ အခမ်းအနားကို ယမန်နေ့က အမှတ် (၂၀) ရပ်ကွက်ရှိ လောကုတ္တရာ စေတီတော်မြတ်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူမြို့ ကြာနီကန်စာသင်တိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ မဟာထေရ် အရှင်မြတ်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ပြီး ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မင်္ဂလာအချိန်အခါတော် နံနက် ၇ နာရီ မိနစ် ၂၀ တွင် မင်္ဂလာအချိန် ရောက်သည်နှင့် တစ်ပြိုင်နက် အလှူ့ဒါယကာ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညဏ်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များက ရတနာပန္နက်တော်တင်ခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို(တောင်ငူ)**

## စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ



**မုံရွာ ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့က အဆိုပါရုံးဝင်းအတွင်း၌ ကျင်းပရာ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဦးနှင့်ဇနီးတို့က စိုက်ပျိုးမည့်ပျိုးပင်များအား တာဝန်ရှိသူများထံ ပေးအပ်ပြီးနောက် သန္ဓေတပ်ဖွဲ့ဝင် ၅၀၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင် ၁၄ ဦး တို့က စိန်တစ်လုံးသရက် ၁၀၀ နှင့် မန်ကျည်းပင် ၇၅ ပင် စုစုပေါင်း ၁၇၅ ပင်ကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မအူပင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ



**မအူပင် ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇူလိုင် ၆ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ကျေးလက် ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်အဖြစ် ခေတ်မီစံပြကျေးရွာ ထူထောင်ရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စစ်ကိုင်းကျေးရွာအုပ်စု ရေကျော်ကျေးရွာ၌ မိုးရာသီ သစ်ပင်စိုက်ပွဲတော်အား ယမန်နေ့က ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ မအူပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ မနေးကီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများက မန်ဂျန်ရှားပင်နှင့် မဟော်ဂနီပင်များကို စနစ်တကျ စိုက်ပျိုးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါက်တာ မနေးကီးထံမှ သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## နေပြည်တော်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြ

**နေပြည်တော် ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး နေပြည်တော်မြို့နယ်တွင် ယမန်နေ့က ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို စက်မှုလယ်ယာဦးစီးဌာန အမှတ် (၃၃) စက်မှုလယ်ယာစခန်းက တမြာကျေးရွာအုပ်စု တမြာကျေးရွာကွင်းအမှတ် (၆၁/က)၊ ဦးပိုင်အမှတ် (၉၇/ယ)၊ တောင်သူ ဦးသီဟ၏ ၁၀ ဧကရှိ လယ်မြေ၌ ဆင်းသုခစပါးမျိုး စိုက်ပျိုးခဲ့သည်။



သရုပ်ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းက ကောက်စိုက်စက် အသုံးပြု၍ စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ အလွယ်တကူ ရိတ်သိမ်းနိုင်ခြင်း စသည်တို့ကို ရှင်းလင်းပြောကြားပြီး ဆင်းသုခမျိုး စမ်းသပ်ကေနှစ်ကေအား သရုပ်ပြစိုက်ပျိုးသည်။

အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းနိုင်၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ငပုတောမြို့နယ်၌ အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ငပုတော ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းမှ အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ငပုတောမြို့နယ် အုန်းပင်စုကျေးရွာ သန္တိသုခကျောင်းတိုက်၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးက အမှာစကားပြောကြားပြီး အုန်းပင်စုကျေးရွာ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီအဖွဲ့ခေါင်းဆောင် ဒေါ်ကြူကြူခိုင်က မိသားစုဝင်ငွေတိုးရေး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၃ ရက်မှ ဩဂုတ် ၁ ရက်အထိ တစ်လကြာ စာတွေ့/လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး မွမ်းမံစက်ချုပ်နည်းပညာသင်တန်းကို ဩဂုတ် ၆ ရက်မှ ၂၁ ရက်အထိ သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြို့နယ်အသီးသီး၌ အခွန်ဆိုင်ရာ အသိပညာပေး

**ပုသိမ်**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေသော လုပ်ငန်းများတွင် “နိုင်ငံကြီးသား ပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ”ဟူသော အသိပေးကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ချိတ်ဆွဲထားရှိမှုကို ဇူလိုင် ၃ ရက်က ပြည်တွင်းအခွန်များဦးစီးဌာနမှ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်ကိုဦးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**ကန်ကြီးထောင့်**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ဇူလိုင် ၂ ရက်က မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဖြူဖြူမွန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စီမံကိန်းဦးစီးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ် ရောင်းချသောဆိုင်များတွင် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင်အခွန်ဆောင်ပါ”ဟူသော ကြေညာချက်ဗီနိုင်းကို ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ဒေါပုံ**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ ဇူလိုင် ၄ ရက်က မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်မျိုးထွေးနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာအဖွဲ့များပူးပေါင်း၍ ဒေါပုံမြို့နယ်အတွင်းရှိ ပြေစာ အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေးချက်များနှင့်ပတ်သက်၍ အများပြည်သူများ ပိုမိုသိရှိနိုင်ရေးအတွက် ဗီနိုင်းများချိတ်ဆွဲထားခြင်းကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင်အခွန်ဆောင်ပါ” ဗီနိုင်းကို ထပ်မံချိတ်ဆွဲဆောင်ရွက်ခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**



ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်နိုင် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက ဇူလိုင် ၅ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

# အမည်မည်းစာရင်းကြေညာခြင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေး ကတ်မှတ် |
|---|---|---|---|---|
| ၁၇၆ | TOP FORM MYANMAR COMPANY LIMITED. | MR APIWAT CHATPHAN<br>MR MICHAEL ALLEN LURER<br>MR WONG KAI CHI KENNETH | Myitta Lin Myaing Road, No 614 Aung Chan Thar Quarter, Myitta Lin Myaing Village, Myawaddy, Kayin State | AA6353196<br>A34749296<br>KJ0391612 HKSAR |
| ၁၇၇ | TRI IRON COMPANY LIMITED. | Daw Thuzar Win | No. (2), 4th Street Kwet Thit Quarter, Insein Township, Yangon | 12/MAGADA(N)209527 |
| ၁၇၈ | TRI OCEAN INTERNATIONAL CO.,LTD. | Daw Cherry Aung<br>Daw Nan Hla Lwin<br>U Wai Zin Oo | Ma Kyee Kyee Street, No. 24 (A), 3rd Floor Sanchaung Township, Yangon | 12/MAGADA(N)057849<br>10/MALAMA(N)040449<br>12/MAGADA(N)052555 |
| ၁၇၉ | U KAUNG TRADING CO.,LTD. | U Aung Zay Yar Oo<br>U Thar Oo | Building-H, Room No.202, Myanma Thinnbaw Kyinn Housing, Ward No. (4), Kamayut Township, Yangon | 12/KAMAYA(N)011575<br>12/SAKHANA(N)052851 |
| ၁၈၀ | VIETNAM MYANMAR FRIENDSHIP TRADING CO.,LTD. | U Thein Chit<br>Daw Phyu Phyu Win | No-35, Sint Oh Tan Street, Latha T/S, Yangon | 13/TAKHALA(N)002715<br>11/SATANA(N)026239 |
| ၁၈၁ | VOLUME TABLEWARE (MYANMAR) LIMITED. | MR. ADAM JOHN MONTGOMERY<br>MR. DEAN ALEXANDER MONTGOMERY | Holding No. 46,47,48,58,59 (KA), 132, Kwin No, 1254, Taik Gyi Kong, Kywe Thet Village Tract Tharyarwaddy Township, Bago Kanbawza Avenue Road, No. 7(A) Golden Valley Avenue One, Bahan Township, Yangon | PE0381669<br>PE0381320 |
| ၁၈၂ | VUINO GEAR MYANMAR CO., LTD. | GUI JING<br>LI JIABIN<br>SHA YONGWEI<br>SONG LIMING<br>HE XINGYAO | Ye Su Anout Taw, Plot No. 25/26(2), Myay Taing Block No. (525/ KA). Mingalardon Township, Yangon | E73627827<br>E56189241<br>EE5023707<br>G47903024<br>E07710026 |
| ၁၈၃ | WAI MOE AUNG FAMILY COMPANY LIMITED. | Daw Aye Moh Moh San<br>U Khin Maung Win<br>U Wai Moe Aung | 43rd Street, No. (101/8-C) Botahtaung Township, Yangon | 14/PATHAYA(N)051847<br>14/PATHAYA(N)006504<br>14/KAKAHTA(N)185709 |
| ၁၈၄ | WARTAYAR VENEER INDUSTRIES PRIVATE LIMITED. | ASHISH AGARWAL<br>SHYAM DAGA | Corner Of Than Din Street And Bo Tail Chun Street, Block No. (49), Plot No. (322/323) War Ta Yar Industrial Zone, Shwe Phi Thar Township, Yangon | Z5832513<br>Z3445983 |
| ၁၈၅ | WIN EI WIN TOGETHER COMPANY LIMITED. | U Sai Hla Aung | No. (162-B), Kant Kaw Street, Kaung Hmu Tone Quarter, Muse Township, Shan State | 13/LAYANA(N)183582 |
| ၁၈၆ | WIN NASA FAMILY TRADING COMPANY LIMITED. | Daw Anhar @ Latt Latt Win<br>U Eliyeas<br>U Mohammed Junad @ Ye Win Htut | Building No (210/214), Room No (5/6) , Ground Floor, Anawratha Stre (11) Quarter, Pabedan Township, Yangon | 12/PABATA(N)038559<br>12/BATAHTA(N)046350<br>12/PABATA(N)038558 |
| ၁၈၇ | WINNER GLOBAL LOGISTICS SERVICES COMPANY LIMITED. | U Kyaw Kyaw Khaing | Kantkaw Myaing Street, No. 175 30th Ward, (Thuwana), Thingangyun Township, Yanagon | 12/DAGAMA(N)020867 |
| ၁၈၈ | WOOD CARVERS COMPANY LIMITED. | U Ahamad @ Kyaw Soe Oo<br>Daw Khin San Win<br>SANTOSH KUMAR | 48th Street, No. 139, Ground Floor, (10) Quarter, Botahtaung Township, Yangon | 12/PABATA(N)009879<br>12/MAGATA(N)074311<br>Z2069513 |
| ၁၈၉ | WORLD NINE ONE NINE COMPANY LIMITED. | U Kyi Naing<br>U Aung Khin | No.(106), Socialit (2) Street, Shin Saw Pu Ward, Bago | 12/THAKATA(N)127639<br>12/THAKATA(N)008158 |
| ၁၉၀ | Y P N GROUP INDUSTRY COMPANY LIMITED | Daw Khin Mar Lwin<br>Daw Nyein Nyein Phyo<br>U Tin Win<br>Daw Yoon Yadanar Lwin | Hninsi Street, No.(A/104), Bo Lein Aung Mingalar Ward, Tamwe T/S, Yangon | TGO-154565<br>12/YAPATHA(N)068573<br>12/TAMANA(N)064081<br>12/TAMANA(N)136045 |
| ၁၉၁ | YANG BROTHERS NATIONAL CO., LTD. | Daw Thaw Tar Zin<br>U Aung Kyaw Tun<br>U Pyae Phyo Naing Tun | Oo Yin Lane/ University Avenue Road, No.35/B Bahan Township, Yangon | 12/MAYAKA(N)138825<br>12/MAYAKA(N)127841<br>12/MAYAKA(N)138826 |
| ၁၉၂ | YE YINT NADI COMPANY LIMITED. | U Khon Aung Naing Win<br>U Saw Shwe Tun | No 15 Quat Thit 3 Street Pauk Chaung Ward Meikhtilar Township, Mandalay | 3/BAAHNA(N)204594<br>3/MAWATA(N)070108 |
| ၁၉၃ | YON HUA COMPANY LIMITED. | KANG, YARONG<br>Daw Lu Lu Aung | Yoma Yeik Thar Street, No.27, Kyan Sit Ther Industrial Zone, Dagon Myhothit (South) Township, Yangon | E44985811<br>1/MAKATA(N)129961 |
| ၁၉၄ | YONE LWE AGRICULTURE DEVELOPMENT COMPANY LIMITED. | MR. CHEN, CHIA-HUNG<br>U Kyi Hote | (71) Street, Bet; (32 & 33)Street, No.(48), Block (744) Yan Myo Lone Quarter, Chanayetharsan Township, Mandalay | 314917952<br>1/MAKATA(AEI)000650 |
| ၁၉၅ | ZARNI CHIN TRADING CO., LTD. | U Khin Maung (A) Nasir Ahmed<br>U Oo Shwe Maung<br>U Zayyar Thein | Sein & Mya Condo, Upper Pansoden Road, No.84-B, 9th Floor Mingalar Taung Nyunt Township, Yangon | 12/KATATA(N)022955<br>12/MAGATA(N)079202<br>12/MAGATA(N)032999 |
| ၁၉၆ | ZAY YAR TUN TRADING COMPANY LIMITED. | Daw Thuzar Hlaing<br>U Tun Hlaing<br>U Zayar Tun | Dawna Street, No.(KA/94), No.(1) Quarter, Myawaddy Township, Kayin State | 3/BAAHNA(N)001866<br>3/BAAHNA(N)053806<br>3/BAAHNA(PHU)001865 |
| ၁၉၇ | ZWE THARA PHU COMPANY LIMITED. | Daw Aye Sandar Min<br>U Nyi Min Htike | Bogyoke Street, No(115), No.(4) Ward Myawaddy Township, Kayin State | 14/PATANA(N)170170<br>7/KATAKHA(N)179162 |

## ဘားအံတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေးဟောပြော

**ဘားအံ ဇူလိုင် ၅**

ကရင်ပြည်နယ်ဘားအံတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂ ရက်က ဘားအံတက္ကသိုလ် ငုရွှေဝါခန်းမ၌ ကျင်းပသည်။

ဦးစွာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာစိုးစိုးအေးက အမှာစကား ပြောကြားပြီးနောက် အမှတ်(၁၀)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(ကရင်)မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးဟန်မွေးက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများ၊ သိမှတ်လိုက်နာရမည့်အချက်များ၊ ရှောင်ရှားရမည့် အချက်များကို ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ် တရားလွှတ်တော် ပြည်နယ် တရားရေး ဦးစီးမှူး ဒေါ်ခင်ပြုံးရီက မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပတ်သက်သည့် တရားရုံးများတွင် အရေးယူမှုအများဆုံးဖြစ်သည့် ပုဒ်မ ၈၆၊ ၈၇ ပါ ပြစ်မှုပြစ်ဒဏ်များအကြောင်း ရှင်းလင်းပြောကြားကာ တစ်ဆက်တည်းတွင် ရာဇသတ်ကြီးပုဒ်မ ၂၇၉၊ ၃၃၇၊ ၃၃၈ နှင့် ၃၀၄-က ပါ ပြဋ္ဌာန်းချက်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြား ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

ပြည့်ဝဆီများကို
တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင် ဧည့်ရိပ်သာ ဆောက်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အောက်ပါအတိုင်း ရက်တိုးမြှင့် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - (၇-၇-၂၀၂၅)ရက် (တနင်္လာနေ့) ရုံးချိန်အတွင်း

**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန်** - (၂၁-၇-၂၀၂၅) ရက်(တနင်္လာနေ့) ရုံးချိန်အတွင်း

**တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက်** - (၂၃-၇-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့) ရုံးချိန်အတွင်း

**တင်ဒါတင်သွင်းရမည့်နေရာ** - မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများအား လုံးဝ (လုံးဝ)ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါတင်ပုံစံနှင့် အသေးစိတ် အချက်အလက်များအား သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-(၀၂-၂၈၄၄၉၉၃၊ ၀၂-၄၀၃၆၉၂၃) တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

### ပတ်စ်ပို့ပျောက်

မောင်လီထိုက်ဖင် ၁၃/လကန(နိုင်)၀၁၀၅၇၂ ၏ နိုင်ငံကူး လက်မှတ်နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-09699988619**

### ပတ်စ်ပို့ပျောက်

မကျူထိုက်စုံ ၁၃/လရန(နိုင်)၂၂၁၈၅၉ ၏ နိုင်ငံကူး လက်မှတ်နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-09453872646**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၆၇၉/လေ့ကူးကွေ့ကြီး)၊ ဦးပိုင်အမှတ်(၁-က)၊ ဧရိယာ ၀ ဒသမ ၃၄၄ ဧကရှိ မြေကွက်သည် အမှုတွဲအမှတ် ၃၁၂/၁၉၉၅ အရ ဦးကျော်ကျော်စိန် အမည်ဖြင့် ၉-၁-၁၉၉၅ ရက်မှ ၈-၁-၂၀၂၅ ရက်ထိ နှစ်(၃၀)မြေငှားဂရန် ရရှိထားသော မြေဖြစ်ပြီး အဆိုပါမြေငှားစာချုပ်မှာ ၈-၁-၂၀၂၅ ရက်တွင် သက်တမ်းကုန်ဆုံးပြီးဖြစ်၍ ဦးကျော်ကျော်စိန် အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၆၇၉/လေ့ ကူးကွေ့ကြီး)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၀ဒသမ၀၉၂)ဧကရှိ မြေအား အမှုတွဲ အမှတ် ၃၄၅ V ၂၀၁၈-၂၀၁၉ အရ (၃၁-၁-၁၉၉၆ရက်မှ ၃၀-၁-၂၀၂၆)ရက်နေ့အထိ)ဦးဇညားအောင်၊ ဒေါ်ညိုညိုခိုင် အမည်ဖြင့် မူလသက်တမ်းအတိုင်း နှစ်(၃၀) မြေငှားစာချုပ် အမည်ပြောင်း ရရှိထားသော မြေဖြစ်ပြီး အဆိုပါမြေငှားစာချုပ်မှာ (၃၀-၁-၂၀၂၆) ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ ဦးဇညားအောင်၊ ဒေါ်ညိုညိုခိုင် အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုး ကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံ စွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မြ၀တီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၆၇၄/ရှောက်ခါးတောင်)၊ ဦးပိုင်အမှတ်(၅-ည)၊ ဧရိယာ (၀.၀၅၃)ဧကရှိ မြေနေရာအား ဦးရန်အောင်မိုး အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကန့်ကွက်လွှာ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ သလ္လာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၅၆/ ငြိမ်းချမ်းရေး)၊ ဦးပိုင်အမှတ်(၁၇(က)၊ ဧရိယာ (၀.၀၂၉) ဧကရှိ မြေနေရာအား ဒေါ်သော်သော် အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက် အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### အမည်ပြောင်း

(ဘ)ဦးဇော်မင်းအောင် ၉/တတဥ(နိုင်)၀၈၃၀၉၁ ၏ သား ရော၀တီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့၊ အ.ထ.က (၁) Grade-5 မှ မောင်ရဲရင့်ဘုန်းဇော်အား မြတ်ဘုန်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ အထက(တဲကြီးကုန်း) 6-12 မှ မောင်ထက်ပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကိုလေး ဖြစ်ပါကြောင်း။

### အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ခရိုက် သစ်ကျေးရွာနေ(ဘ)ဦးနိုင်ဝင်းထွဋ်၊ (မိ)ဒေါ်ဝင်းဝင်းနွယ် တို့၏သား မောင် အောင်မျိုးဟိန်း၏ အမည်မှန်မှာ မောင်အောင်ဇင်ကို(Grade-2- အမက -ခရိုက်သစ်) ဖြစ်ပါကြောင်း။

**မောင်အောင်ဇင်ကို**

### ဖခင်အမည်မှန်၊ မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အထက (၆) Grade-(5)မှ မောင်ရဲထက်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၃-၂၀၁၂ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းဖြစ်ပါကြောင်း။

**ဦးဇော်ဝင်း**

### အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း Grade-11 မှ မဖြိုးငယ်ငယ်စိုး၏ဖခင် ဦးချိုဝင်း၏အမည်မှန်မှာ ဦးချိုချိုဝင်း ၅/ကလထ(နိုင်)၁၂၆၇၄၇ ဖြစ်ပါကြောင်း။

**ဦးချိုချိုဝင်း**

### ကန့်ကွက်နိုင်ပါကြောင်း

ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်၊ အကွက်အမှတ်(၈)၊ အကွက်အမည်-ရွာမတောင်ကျောင်းရပ်၊ ဦးပိုင်အမှတ်(၅-ခ)၊ မြေကွက်အမှတ်(8A)၊ မြေဧရိယာ(၀.၀၃၃၀)ဧကရှိ အရှေ့လားသော်-မြေကွက်အမှတ်(7)၊ အနောက်လားသော်-မြေကွက်အမှတ်(6)၊ တောင်လားသော်-ဦးပိုင်အမှတ်(၅-ဃ)၊ မြောက်လားသော်-ဦးပိုင်အမှတ်(၅-က) မြေကို ဦးဇော်မင်းနိုင် မှ ဘိုးဘပိုင်အမည်ပြောင်းပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ၁-၈-၂၀၂၅ရက် နောက်ဆုံးထားပြီး အောက်ဖော်ပြပါရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၃)၊ မကျီးပင်တန်းအကွက်၊ ဦးပိုင်အမှတ် (၆၀)၊ ဧရိယာ(၀.၀၄၉)ဧကရှိ မြို့မြေ(B)သည် သာပေါင်းမြို့၊ ရွှေလှေကွင်းကျေးရွာနေ ဦးခိုင်ဝင်း၊ ဒေါ်နှင်းယုလှိုင်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက် ၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေအမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/18374, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းထိုက် ၁၄/သပန(နိုင်)၁၁၇၃၅၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အကောများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/36122, NEW ZHINENG 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဝေလွင် ၇/ပတန(နိုင်)၁၀၃၅၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ကေရာဇ်လမ်း၊ အမှတ် (၉၇၈)ဟုခေါ်တွင်သော (၂၀x၆၀ပေ)ရှိ ပါမစ်မိတ္တူမြေကွက်နှင့် (၁)ထပ် RC နေအိမ်(၁)လုံးအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ရီလျှန် (ခ)ငုတ်လျှန် ၁၂/ကတတ(နိုင်)၀၀၀၂၄၈ အမည်ဖြင့်မှတ်သားတည်ရှိပြီး ယခုရောင်းချသူက "အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"ဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းလင်းထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၄၈၇၄၃)**
**ဖုန်း-၀၉-၄၃၁၆၈၅၄၉**

### ကန့်ကွက်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်ပုသိမ်လမ်းမတောင်ဘက်ခြမ်း၊ မြေတိုင်းရပ်ကွက် အမှတ် (၁၅)၊ မြေကွက်အမှတ်(၂၈)၊ အဆောက်အအုံအမှတ်(၅၅/၄)၊ (အလျား၅၀ပေxအနံ၈၀ပေ)၊ အကျယ်အဝန်းရှိ ပါမစ်မြေကွက်(လျှောက်ထားဆဲ)နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မေဖလားဝါးထရေးဒင်းကုမ္ပဏီလီမီတက်မှ ဝယ်ယူလက်ရောက်ရရှိသူ ဒေါ်ကျူစု (၉/မကန(နိုင်)၀၇၀၀၄၆)က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏အမှုသည် ဒေါ်ရန်ဆိုက်ရှင်း(၁၃/ကခန(နိုင်)၀၅၇၉၁၃)က ဝယ်ယူရန်သဘောတူသည့် အလျောက် မြေကွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်ရန်ဆိုက်ရှင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လင်းလင်းထွန်း ( LL,B, D,B,L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၅၃)**
**အမှတ် ၆၁(က)၊ သုခလမ်း၊ ၂၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၀၈၀၉၅၆၈**

### စာအုပ် စာပေ လှူမိတ်ဆွေ

## ကုန်အမှတ်တံဆိပ်ဒီဇိုင်းအမှတ်အသားပုံစံနှင့်ပတ်သက်၍ ဆင်တူယိုးမှားတုပပြုလုပ်ရောင်းချနေခြင်းအပေါ် သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန် (၃)၊ ဦးဖိုးလှိုင်လမ်းနှင့် လှသဂီလမ်းထောင့်၊ အမှတ် (၁/၁၄/၁၅)တွင် ဖွင့်လှစ်ထားသော Quality Food House Manufacturing Co.,Ltd ၏ ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ချက်ဖြင့် တာဝန်ပေးခြင်းခံရသူ ဒေါ်ဝင်းမေဆု ၏ လွှဲအပ်ညွှန်ကြားချက်အရ ဤကြော်ငြာချက်အား ထည့်သွင်းခြင်းဖြစ်ပါသည်။

Quality Food House Manufacturing Co.,Ltd သည် ၈-၉-၂၀၁၄ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ "ကုန်အမှတ်တံဆိပ်ဒီဇိုင်းအမှတ်အသားဘူးပုံစံကိုတရားဝင်မှတ်ပုံတင်"ထားသော ကုမ္ပဏီ တစ်ခုဖြစ်ပါသည်။

အဆိုပါ - ကုန်အမှတ်တံဆိပ်ဒီဇိုင်းအမှတ်အသားဘူးပုံစံအတိုင်း -ဘူးခွံများတွင် ပြုလုပ်ထည့်သွင်းပြီး-

- Golden Dragon အမည်ဖြင့် -
- Golden Dragon Oyster Sauce (ခရုဆီ)
- Golden Dragon Chilli Garlic Sauce (ငရုတ်ဆီအစပ်)
- Golden Dragon Sweet Chilli Garlic Sauce (ငရုတ်ဆီအချို)
- Golden Dragon Tomato Ketchup(ခရမ်းချဉ်သီးဆော့စ်)
- Golden Dragon Dark Soy Sauce (ပဲငံပြာရည်အနောက်)
- Golden Dragon Light Soy Sauce (ပဲငံပြာရည်အကြည်)

တို့ကို ဈေးကွက်တွင် (၁၀) နှစ်ကျော် နှစ် (၂၀) နည်းပါးကတည်းက ကျယ်ပြန့်စွာတရားဝင် ဖြန့်ဖြူးရောင်းချခဲ့ပါသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၂)၊ ပြည်ထောင်စုလမ်း၊ ၆၃ (တိုးချဲ့) ရပ်ကွက်၊ အမှတ် (၂၇၃၃) ပေါ်တွင် တည်ရှိနေသော

Shwe Thandar International Co.,Ltd သည် -

အထက်ဖော်ပြပါ ပစ္စည်းအမျိုးမျိုးအမည်များကို ထုတ်လုပ်ပြီး-

Origano အမည်ဖြင့် ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချလာသည်ကို တွေ့ရပါသည်။

ယင်းသို့ ပြုလုပ်ခြင်းအား အောက်ပါဓါတ်ပုံများတွင် တွေ့ရမှာဖြစ်ပါသည်။




ထိုသို့ ပစ္စည်းများဖြန့်ဖြူးရောင်းချရာတွင် -

Quality Food House Manufacturing Co.,Ltd မှ တရားဝင် မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ် ဒီဇိုင်းဘူးပုံစံကို အသုံးပြုထားကြောင်း ထင်ထင်ရှားရှား တွေ့လာရပါသည်။

Shwe Thadar International Co.,Ltd မှ ထုတ်လုပ်သော ကုန်ပစ္စည်းများအပေါ် ဝေဖန်ရန် အကြောင်းမရှိ သော်လည်း တရားဝင်မှတ်ပုံတင်ထားသည့် ကုန်အမှတ်တံဆိပ်ဒီဇိုင်းဘူးပုံစံအတိုင်း ပုံစံတူထုတ်လုပ်ရောင်းချနေခြင်းမှာ - စားသုံးသူများနယ်ပယ်တွင် ထင်ယောင်ထင်မှားဖြစ်စေသော အကြောင်းတစ်ရပ်လဲဖြစ်ပါသည်။

Quality Food House Manufacturing Co.,Ltd ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင်- မူပိုင်ခွင့်ဥပဒေကိုလည်း ချိုးဖောက်ရာရောက်နေပါသဖြင့် ကုန်အမှတ်တံဆိပ်ဒီဇိုင်းအမှတ်အသားဘူးခွံပုံစံကို တုပအသုံးပြုခြင်းအား ရပ်ဆိုင်းပေးပါရန် သတိပေးတားမြစ်ကြောင်း ကာယကံရှင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းဆွေဦး (စဉ်-၃၈၄၁) ၊ ဒေါ်ခင်ချောစုအောင် (စဉ်-၁၀၈၉၅)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်သီသီလှိုင် (စဉ်-၅၆၃၀၃)**
**အထက်တန်းရှေ့နေ**
**အမှတ်-၁၂၆၊ ပထမထပ်၊ (၃၈) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၄၃၀၈၅၇၆၂၊ ၀၉-၄၃၀၆၉၆၀၈**

### ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်ရှိ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၆ခ/၁၊ ခေမာသီရိ)၊ ဦးပိုင်အမှတ်(၁၄ဃ)၊ ဧရိယာ (၀.၁၁၀)ဧကရှိ အိမ်မြေကွက်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ အငှားဂရန် ဦးပိုင်အမည်ပေါက်သူ ဒေါ်ခင်ခင်အေးသည် (၂၈-၃-၂၀၂၅)ရက်က သေဆုံးသွားပြီး ၎င်း၏အစ်မ အရင်း/တရားဝင်တစ်ဦးတည်းသော အမွေဆက်ခံပိုင်ခွင့်ရှိသူ ဒေါ်ခင်လှဲ့ဝင်း ၁/မကန(နိုင်)၀၁၃၁၃၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းသန်းအေး ၁/မကန(နိုင်)၀၇၅၀၂၈ က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသ ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ (၁၀)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ် ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းသန်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးယောဟန် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၆၉/၁၉၉၉)**
**အမှတ်(၂၄၃/အေ)၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၃၇

၁။ ဦးအောင်ကျော်ဦး နှင့် ဦးထွန်းရွှေ
၂။ ဒေါ်ခင်စပယ်အောင်

**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ– ၁)၊ ဦးပိုင်အမှတ်(၅၀)နေ ဦးထွန်းရွှေ (ဘ) ဦးလှအောင် (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးအောင်ကျော်ဦး ပါ ၂ က "မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ–၁၃)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ ဦးထွန်းရွှေ ဂရန်မြေကွက်နှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆုတ် ၉ ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်၊

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( ဇင်မာဝေ )
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥသျှောင်မြို့သစ်၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းအမှတ် (၂)၊ မြေကွက်အမှတ်(၆)၊ မြေဧရိယာ ၀.၁၁၀ ဧကရှိမြေအား ဦးသက်နိုင်မှ မြေငှားဂရန် အသစ်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၆၈)၊ ဦးပိုင်အမှတ် ၂–စ(ခဲစင်း)၊ ၈၆လမ်း၊ ၉X၁၁လမ်းကြားရှိ ဘိုးဘပိုင်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးသာဒင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၇၅၇/၂၀၀၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သောင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၇၇/၂၀၀၅)ဖြင့် ဝယ်ယူခဲ့သော ဦးသိန်းဝင်း ၉/မနမ(နိုင်)၁၀၈၅၆၅၊ ဒေါ်ခင်မာ ၉/မနမ(နိုင်) ၁၀၈၅၆၆တို့က အမှုတွဲအမှတ်(၀၁၁၂/ဘခွဲ(ပြောင်း)/၂၀၂၅–၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/2987, TOYOTA KLUGER ACU28, S/W(4X4) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းစံမြတ် ၁၃/နခန(နိုင်) ၀၄၂၉၃၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/30660, TOYOMax–125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သွယ်ဇင်ထွန်း ၉/ပသက(နိုင်)၁၁၅၀၃၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/52413, New & Anbo –110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်အိ ၉/ပကခ(နိုင်)၀၁၁၄၃၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 28W/41852, HI YANG–110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမော် ၅/ဝလန(နိုင်)၀၉၂၉၈၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်အား ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ၏ (၄–၇–၂၀၂၅)ရက်၊ စာမျက်နှာ(၂၆)၊ ကော်လံ (၆)တွင် တနင်္သာရီတိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာန၊ ကော့သောင်းမြို့နယ်၊အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(ထပ်မံအသိပေးကြေညာခြင်း)အား တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/ အချိန်ကို ၄–၈–၂၀၂၅ ရက်(တနင်္လာနေ့) (၁၆:၃၀)နာရီ ဟု ပါဝင်ခဲ့မှုအား ၁၇–၇–၂၀၂၅ ရက် (ကြာသပတေးနေ့) (၁၆:၃၀) နာရီဟု ပြင်ဆင်ဖတ်ရှုပါရန် ထပ်မံကြေညာအပ်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## မတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စ အသိပေးအကြောင်းကြားခြင်း

ZIN ZIN WIN COMPANY LIMITED ဒါရိုက်တာအဖွဲ့၏ ၄–၇–၂၀၂၅ ရက်တွင် ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ မတည်ရင်းနှီးငွေအား (ကျပ် သိန်း ၅၀,၀၀၀,၀၀၀) မှ (ကျပ် သိန်း ၅,၀၀၀,၀၀၀) သို့ လျှော့ချရန် အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာများအားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

**ZIN ZIN WIN COMPANY LIMITED**

## မတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စ အသိပေးအကြောင်းကြားခြင်း

SAN YOON ME COMPANY LIMITED ဒါရိုက်တာအဖွဲ့၏ ၄–၇–၂၀၂၅ ရက်တွင် ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ မတည်ရင်းနှီးငွေအား (ကျပ် သိန်း ၅၀,၀၀၀,၀၀၀) မှ (ကျပ်သိန်း ၅,၀၀၀,၀၀၀) သို့ လျှော့ချရန် အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာများအားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

**SAN YOON ME COMPANY LIMITED**

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိနိုင်စေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ အလယ်ရပ်၊ အမှတ် (၁) လမ်းတွင် တည်ရှိသော ကွင်း/အကွက်အမှတ်နှင့် အမည် ၃၂/ဗုဒ္ဓဘာသာ၊ ဦးပိုင်အမှတ် ၁၄၆–(က)၊ ပိုင်ဆိုင်ခွင့် L ၊ မြေမျိုးနှင့်အတန်း (II) ဧရိယာ (၀.၀၁၈)ဧက၊ အလျား (၄၀)ပေ၊ အနံ (၂၅)ပေ အကျယ်အဝန်းရှိ အရှေ့လားသော် – ဦးကျော် နေအိမ်၊ အနောက်လားသော်–(၁၀)ပေလမ်းကြား၊ တောင်လားသော် – အမှတ်(၁) လမ်း၊ မြောက်လားသော်–ဒေါ်ရီ နေအိမ်စသည့် နယ်လေးရပ်အတွင်းရှိ ဦးဆန်းဝင်း အမည်ဖြင့် ၁၈–၈–၂၀၀၄ မှ ၁၇–၈–၂၀၃၄ ထိ နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်နှင့် ဝင်းမြေပေါ်ရှိ RC နှစ်ထပ်တိုက် အဆောက်အအုံအား ဦးဆန်းဝင်း (ဘ) ဦးညွန့်မောင် ၉/မနတ(နိုင်)၀၆၆၅၅၇၊ ဒေါ်အေးငြိမ်း(ဘ)ဦးလှအောင် ၉/နထက(နိုင်) ၁၂၈၉၃၆ တို့မှ တရားဝင်လက်ရှိထား အကျိုးခံစားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြီး ကျွန်ုပ်၏ မိတ်ဆွေအား အရောင်းအဝယ်ပြုလုပ်ပါရန် အဆိုပြုကမ်းလှမ်းထားပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီး အပိုင်ဝယ်ယူရန်အတွက် အထက်ပါ အိမ်ဝင်း၏တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ရောင်းသူ/ဝယ်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ကြည်ထွေးလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၃၈)**
**မဂ္ဂင်လမ်း၊ အမှတ်(၃)၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့**
**ဖုန်း–၀၉–၄၀၂၆၇၇၅၁၊ ၀၉–၇၈၂၃၁၃၀၆၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ် ၅၉၄၊ ဦးပိုင်အမှတ် ၂၃၇/ရန်ကုန်–မန္တလေးကားလမ်းအရှေ့ဘက်၊ လေးမျက်နှာဘုရားအနီးရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးလီယုံချွန်းကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ကြည်ကြည်ခိုင် ၁၃/မကန(နိုင်)၀၀၀၁၈၄ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(အောင်ချမ်းသာမြို့သစ်)၊ ဦးပိုင်အမှတ် (၇လမ်း (၉၉–က)၊ ၈လမ်း (၁၀၀))၊ ဧရိယာ (၀.၂၂၀)ဧကရှိ မြေကွက်သည် အမှုတွဲအမှတ် ၃၃၁ V ၁၉၉၅ အရ ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးယုံဘို အမည်ဖြင့် (၂၆–၁၂–၁၉၉၅ ရက်မှ ၂၅–၁၂–၂၀၂၅ ရက်ထိ) နှစ်(၃၀)မြေငှားဂရန် ရရှိထားသော မြေဖြစ်ပြီး အဆိုပါမြေငှားစာချုပ်မှာ ၂၅–၁၂–၂၀၂၅ ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ ဦးယုံဘို၊ (သမီး)မနွဲ့နွဲ့ဝင်း အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကန့်ကွက်လွှာ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃/၃၉၊ နန္ဒဝန်(စက်မှုဇုန်)၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ် (ပိတောက်လမ်း–၇၂)၊ ဧရိယာ(၀.၁၁၀)ဧကရှိမြေကွက်သည် မြို့မြေအမှုတွဲအမှတ်၊ ၄ V၂၀၁၈–၂၀၁၉ အရ ၁၁–၇–၂၀၁၈ ရက်မှစ၍ ဗိုလ်မှူးကြီး မျိုးမြင့် အမည်မှ ဦးကျော်မျိုးလွင် အမည်သို့ မူလသက်တမ်းအတွင်း ၂၄–၃–၁၉၉၅ မှ ၂၃–၃–၂၀၂၅ အထိ အမည်ပြောင်းထုတ်ပေးခဲ့ သော မြေငှားစာချုပ်အား ဦးကျော်မျိုးလွင် အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လီတွော်အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## တောင်ပြိုးပွဲတော်အား အများပြည်သူသိရှိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ တောင်ပြိုးကျေးရွာအုပ်စု၊ တောင်ပြိုးကြီးကျေးရွာရှိ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင်တောင်ပြိုးဆုတောင်းပြည့်–ဆုတောင်းရ မြတ်စွာဘုရား ဗုဒ္ဓပူဇနိယ ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် တောင်ပြိုး အရှင်နှစ်ပါးပွဲတော်ကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း(၈)ရက်မှ (၁၅)ရက်၊ (၁–၈–၂၀၂၅) ရက်မှ (၈–၈–၂၀၂၅)ရက်အထိ စည်းကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသောကြောင့် ဘုရားဖူးတိုင်းရင်းပြည်သူများ၊ ရိုးရာဓလေ့ကိုးကွယ်သူများ လာရောက်ရောင်းချကြသော ဈေးသူ/ဈေးသားများအား စိတ်အေးချမ်းသာစွာဖြင့် လာရောက်နိုင်ကြရန် ပွဲတော်ကျင်းပရေးကော်မတီမှ လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

**မှတ်ချက်။** နယ်မြေဒေသအခြေအနေသည် အေးချမ်းတည်ငြိမ်လျက်ရှိပါသည်။

**ပွဲတော်ကျင်းပရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၁၇–ဃ/ကျီတော်ကုန်း၊ ဦးပိုင်အမှတ် ၄၈၊ မြေကွက်အမှတ် ၄၈၊ မြေဧရိယာ ၀.၀၄၃ ဧကရှိမြေကွက်သည် မူလက ဦးကျော်ဇံ(သမီး) ဒေါ်မာမာဝေ အမည်ဖြင့် ၁၅–၁၂–၁၉၉၂ ရက်မှ ၁၄–၁၂–၂၀၂၂ ရက်အထိ နှစ် ၃၀ မြေငှားဂရန်ရရှိ ထားပါသည်။ ဦးကျော်ဇံ၊ ဒေါ်လှမြင့်တို့သည် တစ်ဦးတည်းသော တရားဝင်ဇနီးခင်ပွန်းများဖြစ်ကြပါသည်။ ၎င်းတို့တွင် ဒေါ်မာမာဝေ၊ ဒေါ်မာမာအေး၊ ဦးမောင်ငွေ၊ ဦးကျော်ဆန်း၊ ဒေါ်မာမာဆွေ၊ ဒေါ်မာမာရွှေစသည့် သားသမီး(၆)ဦးထွန်းကားခဲ့ပါသည်။ ဦးကျော်ဇံ၊ ဒေါ်လှမြင့်၊ ဒေါ်မာမာဝေ၊ ဦးကျော်ဆန်းတို့မှာ အသီးသီးကွယ်လွန်သွားကြပြီဖြစ်ပါသည်။ ဦးကျော်ဆန်း မကွယ်လွန်မီတွင် ဒေါ်ခိုင်ဝါရွှေနှင့် အိမ်ထောင်ပြုခဲ့ပါသည်။ သို့ဖြစ်၍ အမွေဆက်ခံကျန်ရှိသူများဖြစ်သည့် ဒေါ်မာမာအေး၊ ဦးမောင်ငွေ၊ ဒေါ်ခိုင်ဝါရွှေ၊ ဒေါ်မာမာဆွေ၊ ဒေါ်မာမာရွှေတို့မှ တရားရုံးတွင် ကျမ်းသစ္စာကျိန်ဆို၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မွှက်ဟကြေညာ စာချုပ်ချုပ်ဆိုပြီး မြေငှားဂရန်အမည်ပြောင်း သက်တမ်းတိုး လျှောက်ထားလာပါသည်။ အဆိုပါလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာ ပါသည့်ရက်မှ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၅၁၊ ဦးပိုင်အမှတ် ၂၇–ခ/၈၄X၈၅လမ်းကြား၊ ၃၄X၃၅ လမ်းကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ မောင်ကလေး၊ မသင်တို့ ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၉၀၉/၂၀၁၂)ဖြင့် ဒေါ်သန်းသန်း၊ ဒေါ်တင်တင်မြင့်၊ ဒေါ်ခင်အေးတို့က အမွေဆက်ခံခဲ့ပြီး ဒေါ်သန်းသန်းပါ–၂ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၂၅၁၁/၂၀၁၉)ဖြင့် ပိုင်ဆိုင်ခဲ့သော ဇနီးဒေါ်ခင်အေး ကွယ်လွန်၍ ကျန်ရစ်သူခင်ပွန်းဦးခင်မောင်အေး ၉/ မရတ(နိုင်)၀၉၂၉၇၉ က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် ခဲစင်းပြမြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် A–၄၊ ဦးပိုင်အမှတ် ၁–ဒ/၅၃ လမ်း၊ ၂၆X၂၇ လမ်းကြားရှိ ဒေါ်စမ်းစမ်း၊ ဦးဇာနည်ဦး၊ ဒေါ်ဖြူဖြူသွယ်တို့ ၃ ဦး အမည်ပေါက်ဂရန်မြေကွက်အား ဦးသက်ရင်၊ ဇနီး ဒေါ်စမ်းစမ်း၊ ချွေးမ ဒေါ်ဖြူဖြူသွယ်တို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဦးဇာနည်ဦး ၉/အမဇ(နိုင်)၀၀၂၅၈၉၊ ဦးဇာနည်အောင် ၉/အမဇ(နိုင်)၀၀၂၅၉၀၊ ဒေါ်ငြိမ်းငြိမ်းသက် ၉/အမဇ(နိုင်)၀၂၄၁၀၇၊ ဒေါ်မေသက် ခိုင် ၉/အမဇ(နိုင်)၀၂၄၁၀၈ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် A–၄၊ ဦးပိုင်အမှတ် ၁–က/၅၃လမ်း၊ ၂၆X၂၇လမ်းကြားရှိ ဒေါ်စမ်းစမ်း၊ ဦးဇာနည်ဦး၊ဒေါ်ဖြူဖြူသွယ်တို့ (၃)ဦး အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးသက်ရင်၊ မိခင် ဒေါ်စမ်းစမ်း၊ ချွေးမ ဒေါ်ဖြူဖြူသွယ်တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးဇာနည်ဦး ၉/အမဇ(နိုင်)၀၀၂၅၈၉၊ ဦးဇာနည်အောင် ၉/အမဇ(နိုင်)၀၀၂၅၉၀၊ ဒေါ်ငြိမ်းငြိမ်းသက် ၉/အမဇ(နိုင်)၀၂၄၁၀၇၊ ဒေါ်မေသက်ခိုင် ၉/အမဇ(နိုင်)၀၂၄၁၀၈တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေ ဆက်နှင့်စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## Passport ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ရှောက်စမ်း ၁၃/ကလတ(နိုင်)၀၀၄၁၈၇ ၏ passport အမှတ် MH–467595 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၇၇၇၂၂၆**

## မိဘအမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့ နယ်၊ ရေလဲကလေးအထက်တန်းကျောင်း Grade–12 မှ မောင်သိန်းသန်းဦး၏ မိဘအမည်မှန်မှာ ဦးဇော်မိုးခိုင် ၁၄/ မအပ(နိုင်)၂၃၅၃၉၇–ဒေါ်အေးအေးခိုင် ၁၄/မအပ(နိုင်) ၂၃၅၄၇၉ တို့ဖြစ်ပါကြောင်း။

**ဦးဇော်မိုးခိုင်–ဒေါ်အေးအေးခိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ လွဲမွန်ကျေးရွာနေ (အဘ) ဦးသောင်းရှိန်၏သား မောင်ထက်မြတ်နိုင် ၁/မညန(နိုင်) ၁၆၇၂၈၆ နှင့် မောင်ထက်မြက်နိုင် အမည်နှစ်မျိုးမှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။ **မောင်ထက်မြတ်နိုင်(ခ) ထက်မြက်နိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၅၂၀, Luojia–110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်လတ်က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/05487, SUPER CHINER–110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာခိုင် ၇/ပတတ(နိုင်)၁၀၂၉၄၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၃၅**

ဦးအောင်ရွှေ နှင့် ဒေါ်စန်းစန်းဝင်း
(၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ–ဦးအောင်ကြီး)
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အကွက်(၈၈–၁၇)၊ ၄၈–၄၉ လမ်းကြား၊ ၁၀၈လမ်း၊ ငကြွဲလမ်း၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်စန်းစန်းဝင်း(ဘ)ဦးစိန်ထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

